GEORGE R.R. MARTIN

gyoe.com SAMPLE BOOK

# The Sworn Sword

The Hedge Knight II



# သစ္စာရှင်သူရဲကောင်း

မျိုးဇော်ဝင်း ဘာသာပြန်သည်

A GAME OF THRONES
PREQUEL GRAPHIC NOVEL

# THE SWORN SWORD

THE HEDGE KNIGHT II

BY

GEORGE R. R. MARTIN



ISBN 978-99971-44-34-8

K0421

9 789997 144348 >

mgyoe.com SAMPLE BOOK


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၂၀ ပြည့်နှစ်။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်း သရုပ်ဖော် - Illustrations by Gary Gianni

တန်ဖိုး - ၃၅၀၀ ကျပ်


mgyoe.com

mgyoe.com
SAMPLE BOOK

# THE SWORN SWORD

## THE HEDGE KNIGHT II

BY

GEORGE R. R. MARTIN

# သစ္စာရှင်သူရဲကောင်း

မျိုးဇော်ဝင်း(ဘာသာပြန်သည်)



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ပုပ္ပနေပြီဖြစ်သည့် လူသေနှစ်ယောက်ကို လမ်းဆုံရှိ သစ်ပင်တစ်ပင်၌ တွဲလောင်းချိတ်ဆွဲထားသော လှောင်ချိုင့်ထဲတွင် တွေ့ရသည်။ အက်ဂ်က သူတို့ကို ကြည့်ရန် ရပ်လိုက်၏။

"အဲဒါ ဘယ်သူတွေလို့ ထင်လဲ ဆာ"

ဝိုင်စည်ကြီး နှစ်စည်ကို ကျောပေါ် တင်ထားရသည့် သူ့မြည်း 'မေစတာ' က တစ်ခဏ အနားရသွားသဖြင့် လမ်းတစ်လျှောက် ပေါက်နေသော အညိုရောင် တစေမြက်များကို ဝမ်းသာအားရ စတင်စားလေသည်။

"ခိုးပြ၊ မုဒိမ်းကောင်၊ လူသတ်သမား၊ တစ်ခုခု ဖြစ်မှာပေါ့"

ဒန့်ခ်က မိုးကြိုးပေါ် ထိုင်နေသောကြောင့် လူသေများနှင့် ပိုနီးသည်။ သူ၏ အစိမ်းရောင် ကျူးနှစ်အင်္ကျီ ချိုင်းကြားနှစ်ဖက်တွင် ချွေးများ စိုနေသည်။ ကောင်းကင်ကြီးမှာ တိမ်ကင်းစင်ကာ နေက ချစ်ချစ်တောက် ပူနေ၏။ သည်မနက် ခရီးပြန်ဆက်ချိန်မှစ၍ ချွေးတစ်ဂါလန်ထက်မနည်း ထွက်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

SAMPLE BOOK

အက်ဂ်က သူ၏ ကောက်ရိုးခမောက် အဝိုင်းကြီးကို ချွတ်လိုက်သည်။ သူ့ခေါင်းတုံးက ပြောင်ရှင်း တောက်ပနေသည်။ သူက ခမောက်ကို ဝှေ့ယမ်း၍ ယင်ကောင်များကို မောင်းလိုက်သော်လည်း ရာနှင့်ချီသော ယင်ကောင်များက ငြိမ်သက်နေသော နွေလေပူကို ဖြတ်၍ တဖွဲဖွဲ ပြန်ရောက်လာကြသည်။

"သူတို့ ဆိုးဆိုးရွားရွား တစ်ခုခု လုပ်ခဲ့လို့ ဖြစ်မယ်၊ ဒါပေမဲ့ ကျီးလှောင်အိမ်ထဲမှာ အခုလို သေရတာတော့ သနားဖို့ ကောင်းပါတယ်"

အက်ဂ်သည် တစ်ခါတစ်ရံ မေစတာများလို အမြော်အမြင် ရှိသည်။ တခြားအချိန်များတွင်တော့ ဆယ်နှစ်သား ကလေးတစ်ဦးသာ ဖြစ်ပေသည်။

"လူတစ်ယောက်ကိုသတ်ဖို့သခင်တချို့အတွက်အကြောင်းပြချက်ကြီးကြီးမားမား မလိုဘူး"

သံလှောင်ချိုင့်မှာ လူတစ်ဦး ဝင်ဆံ့ရုံမျှသာ ကြီးမားသည်။ သို့သော် လူနှစ်ဦးကို အတင်းထည့်ထား၏။ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် ပူးကပ်နေပြီး ခြေလက်များက ရှုပ်ထွေးရစ်နှောင်နေသည်။ သူတို့၏ ကျောပြင်က သံတိုင်များနှင့် ဖိကပ်နေသည်။ တစ်ဦးက နောက်တစ်ဦး၏ လည်ပင်းနှင့် ပခုံးတို့ကို ကိုက်ထားသည်။ ကျီးများက နှစ်ဦးလုံးကို စားထားကြသည်။ ဒန့်ခ်နှင့် အက်ဂ်တို့ တောင်ကုန်းဆီ ရောက်သောအခါ ကျီးများသည် အမည်းရောင် တိမ်တိုက်တစ်ခုလို အုံနေကြသည်ကို တွေ့ခဲ့ရသည်။ အက်ဂ်၏ မြည်းပင် လန့်သွားခဲ့သည်။

"သူခိုးဓားပြအဖွဲ့ တစ်ဖွဲ့ဖွဲ့က ဖြစ်နိုင်တယ်"

အက်ဂ်က ပြောသည်။

သူတို့သည် ဒွေါစ်ခ်၌ စောင်းသမားတစ်ဦး သီဆိုခဲ့သော 'ဘလက်ခ်ရော်ဘင်ကို ကြိုးပေးတဲ့နေ့' အမည်ရှိ သီချင်းတစ်ပုဒ်ကို နားဆင်ခဲ့သေးသည်။ အက်ဂ်သည် ထိုအချိန်မှစ၍ ဝရမ်းပြေးများကို ရဲစွမ်းသတ္တိရှိသူများဟု ထင်မှတ်နေတော့သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ဒန့်ခ်က အဘိုးကြီး၏ လက်ထောက်ဘဝ၌ ဝရမ်းပြေးအချို့ကို မြင်ဖူးသဖြင့် သူ့အတွက် အထူးအဆန်း မဟုတ်ပါ။ သူ မြင်ဖူးခဲ့သော သူခိုးဓားပြများကတော့ ကြီးကျယ် ခမ်းနားသူများ မဟုတ်ကြချေ။ ဆာအာလန်ကူညီဖမ်းဆီးပြီး ကြိုးပေးခဲ့သော သူခိုးတစ်ယောက်ကို သူ မှတ်မိသည်။ ထိုသူသည် လက်စွပ်များကို လိုက်ခိုးလေ့ရှိသည်။ ယောကျ်ားဆိုလျှင် လက်ချောင်းများကို ဓားနှင့်ဖြတ်၍ ယူတတ်ပြီး မိန်းမဆိုလျှင် လက်ချောင်းများကို ကိုက်ဖြတ်တတ်သည်ဟု နာမည်ကြီးသည်။

'ဘယ်သူပဲဖြစ်ဖြစ် သေရင်တော့ အဖော်မဲ့သွားတာပဲ' ဟု ဒန့်ခ်က တွေးပြီး လှောင်ချိုင့်ကို ပတ်၍ ကျော်သွားလိုက်သည်။ လူသေတစ်ဦး၏ ခေါင်းက အောက်စိုက်နေပြီး ပါးစပ်က ဟနေသည်။ ပါးစပ်ထဲတွင် လျှာ မရှိပေ။ ကျီးများ စားထားသည်ဟု သူ ထင်သည်။ ကျီးများက အသေကောင်၏ မျက်လုံးများကို အရင်ဆုံး စားတတ်သည်ဟု သူ ကြားဖူးထား၏။ လျှာက ဒုတိယ ဖြစ်နိုင်သည်။ မလျော်ကန်သည့် စကားတစ်ခုခု ပြောဆိုခဲ့ခြင်းကြောင့် သခင်တစ်ဦးက ဖြတ်ပစ်လိုက်ခြင်းလည်း ဖြစ်နိုင်သည်ဟု ဒန့်ခ်က တွေးသည်။

သူက ဆံပင်များကို သပ်တင်လိုက်သည်။ လူသေများကို သူ ဘာမှ မကူညီနိုင်ပေ။ စတန်းဖက်စ်သို့ ဝိုင်စည်များ ပို့ဆောင်ရမည့် တာဝန် ရှိနေသေးသည်။

"ငါတို့လာခဲ့တာ ဘယ်လမ်းတုံးကွ၊ ငါ လည်သွားပြီ"

ဒန့်ခ်က လမ်းတစ်လမ်းကို ကြည့်လိုက်၊ နောက်တစ်လမ်းကို ပြန်ကြည့်လိုက်နှင့် ပြောသည်။

"စတန်းဖက်စ်က အဲဒီလမ်းလေ ဆာရဲ့"

အက်ဂ်က ညွှန်ပြလိုက်သည်။

"အဲဒါဆိုလည်း သွားကြတာပေါ့၊ နေမဝင်ခင် ရောက်မှ ဖြစ်မယ်၊ မဟုတ်ရင် ဒီမှာနေပြီး ယင်ကောင်တွေကို ထိုင်ရေနေရလိမ့်မယ်"

ဒန့်ခ်က မိုးကြိုး၏ ဝမ်းဗိုက်ကို ဖနောင့်ဖြင့် အသာခတ်လိုက်ပြီး ဘယ်ဘက်လမ်းသို့ ဦးတည်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အက်ဂ်က ခမောက်ကို ပြန်ဆောင်း၍ မေစတာ့ကို ဆွဲခေါ်ပြီး ဒန့်ခ် အနောက်ကို လိုက်သည်။ မြည်းက တစေမြက်များကို ချန်ထားရစ်၍ အတွန့် မတက်ဘဲ တစ်ခါတည်း လိုက်လာသည်။

'သူလည်း ပူမှာပဲ၊ ဝိုင်စည်တွေက လေးနေမလား မသိဘူး' ဟု ဒန့်ခ် က တိတ်တိတ်တွေးသည်။

နွေနေပူပူကြောင့် လမ်းက မာကျော ခြောက်သွေ့နေသည်။ လှည်းဘီး ရာများက မြင်းတစ်ကောင်၏ ခြေထောက်ကို ကျိုးသွားနိုင်လောက်အောင် နက်သဖြင့် ဒန့်ခ်က လှည်းဘီးရာ နှစ်ခုကြားရှိ အနည်းငယ်မြင့်သော နေရာမှ သတိထား၍ သွားလေသည်။ ဒန့်ခ်သည် ဒွေါ်စ်ခ်မှ ထွက်လာသည့်နေ့က ညအမှောင်ထဲ လမ်းလျှောက်သွားခိုက် ခြေထောက် ခေါက်သွားခဲ့သေးသည်။ သူရဲကောင်းဟူသည် ဒဏ်ရာများ၊ နာကျင်မှုများနှင့် နေထိုင်တတ်ရမည် ဖြစ်ကြောင်း၊ ကျိုးထားဖူးသည့် အရိုးများ၊ အမာရွတ်များက ဓားနှင့် ဒိုင်းလို သူရဲကောင်းဘဝ၏ တစ်စိတ်တပိုင်း ဖြစ်ကြောင်း ဆာအာလန် ပြောလေ့ ရှိသည်။ မိုးကြိုးသာ ခြေထောက်ကျိုးသွားလျှင် မြင်းမရှိသည့် သူရဲကောင်းကို သူရဲကောင်းဟု ခေါ်ဆိုနိုင်တော့မည် မဟုတ်ပါ။

အက်ဂ်က မြည်းကိုဆွဲ၍ ငါးကိုက်အကွာမှ ခြေဗလာနှင့် လိုက်လာ သည်။ ကောင်လေးက ခြေတစ်ဖက်ကို လှည်းဘီးရာထဲ ထည့်ပြီး နောက် ခြေတစ်ဖက်ကို အပြင်ထုတ်ထားသဖြင့် ခြေလှမ်းတိုင်းက နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ ဓားမြှောင်တစ်လက်ကို သူ့ပေါင်တစ်ဖက်တွင် ချိတ်ထားပြီး ရှူးဖိနပ်ကို ကျောပိုးလွယ်အိတ်တွင် ချည်ထားသည်။ အညိုရောင် ကျူးနစ် အင်္ကျီ အကြမ်းထည်ကို လိပ်၍ ခါးတွင် ပတ်ထားသည်။ ကောက်ရိုးခမောက် အောက်ရှိ သူ့မျက်နှာက ညစ်ပတ် ပေကျံနေသည်။ အသက်ဆယ်နှစ်သာ ရှိသေးသော်လည်း အရပ်က ငါးပေနီးနီး ရှည်လာပြီ။ အက်ဂ် အရွယ်ရောက် လျှင် ဒန့်ခ်ထက်ပင် ပိုရှည်သွားနိုင်လောက်၏။ သူက မင်းသားတစ်ပါးနှင့် တူရမည့်အစား မြင်းထိန်းကောင်လေးနှင့်သာ တူနေသည်။

mgyoe.com

mgyoe.com

လူသေများက ဟိုးအနောက်တွင် ကျန်ခဲ့သော်လည်း ဒန့်ခ်က သူတို့အကြောင်းကို မတွေးဘဲ မနေနိုင်ပေ။ ယခုတစ်လော တိုင်းပြည်၌ ဥပဒေမဲ့လူရမ်းကားများ တစ်နေ့တခြား တိုးပွားလာနေသည်။ မိုးခေါင်ခြင်း၏ အဆုံးသတ်ကို အရိပ်အယောင်ပင် မမြင်ရသေးပါ။ ထောင်နှင့်ချီသော ပြည်သူများက နေရပ်စွန့်ခွာ၍ မိုးရွာနေသေးသည့် နေရာများကို လိုက်လံရှာဖွေကြသည်။ သခင်ဘလက်ဒ်ရေဗင်က ထိုသူများကို နေရပ်ပြန်ရန် အမိန့်ပေးသော်လည်း အနည်းငယ်ကသာ လိုက်နာသည်။ လူများစွာက မိုးခေါင်ရေရှားမှုအတွက် ဘလက်ဒ်ရေဗင်နှင့် ဘုရင်အေးရိစ်ကိုသာ အပြစ်တင်ကြသည်။ သူတို့က ဆွေမျိုးများကို သတ်ဖြတ်ခဲ့သောကြောင့် နတ်ဘုရားများ အပြစ်ပေးခြင်းဖြစ်သည်ဟု ယူဆကြ၏။ သို့တိုင် ပေါ်ပေါ်ထင်ထင် မပြောရဲကြပေ။

'သခင်ဘလက်ဒ်ရေဗင်မှာ မျက်လုံးဘယ်နှလုံးရှိ၊ တစ်ထောင်နဲ့ တစ်လုံးရှိ'

ဟူသော ကာရန်နဘေကို အိုးလ်တောင်းတွင် အက်ဂ်ကြားဖူးခဲ့သည်။ လွန်ခဲ့သော ခြောက်နှစ်ခန့်က ဘုရင့်မြို့တော်၌ ဘလက်ဒ်ရေဗင်ကို ဒန့်ခ်မြင်ဖူးခဲ့သည်။ သူက အရောင်ဖျော့ဖျော့ မြင်းတစ်ကောင်နှင့် သံမဏိ လမ်းပေါ်တွင် သွားနေသည်။ သူ၏ 'ရေဗင်တီးသ်' (ကျီးသွား) တပ်ဖွဲ့က သူ့ကို ခြံရံထားသည်။ ဘုရင်အေးရိစ် နန်းမတက်ခင်၊ သူ့ကို ဘုရင့်လက်ထောက်အဖြစ် မခန့်အပ်ခင်က ဖြစ်သည်။ သူ့ပုံစံက ထင်ရှားပေါ်လွင်သည်။ မီးခိုးရောင်နှင့် ကြက်သွေးရောင် ရောစပ်ထားသည့် အဝတ်အစားကို ဝတ်ဆင်ထားပြီး ဒက်ခ်စစ်စတား ဗလေရီယန် သံမဏိဓားကို ခါးတွင် ချိတ်ထားသည်။ ဖြူဖပ်ဖြူရော် အသားအရေနှင့် အဖြူရောင် ဆံပင်ရှည်ကြောင့် အသက်ဝင်နေသော အလောင်းကောင်နှင့် တူလှသည်။ ပါးတစ်ဖက်တွင် ကျီးပုံစံ အနီရောင် မွေးရာပါ အမှတ်ကြီးတစ်ခု ရှိသည်။ မျက်လုံးတစ်ဖက်သာ ရှိပြီး ထိုတစ်ဖက်က အနီရောင် ဖြစ်သည်။ ကျန်တစ်ဖက်ကို မြက်နီလွင်ပြင်တိုက်ပွဲ၌ ဖအေတူမအေကွဲမျိုးမစစ်အစ်ကိုဘစ်တားစတီးလ်၏လက်ချက်ကြောင့်ဆုံးရှုံးခဲ့ရသည်။ ဒန့်ခ်က သူ့ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်ခဲ့ခြင်းကြောင့်ဘလက်ဒ်ရေဗင်

mgyoe.com

mgyoe.com SAMPLE BOOK

ခေါ် ဘရင်ဒန်ရေဗာက သတိထားမိသွားပြီး ဒန့်ခ်ကို ပြန်ကြည့်ခဲ့သေး၏။ သူ့မျက်လုံးက အရေပြားကို ဖောက်၍ အတွင်းစိတ်အထိ ကြည့်နိုင် သည်ဟု ဒန့်ခ် ခံစားမိလေသည်။

ရာသီဥတုက ပူပြင်းလှသော်လည်း ဒန့်ခ်က ထိုအကြောင်း ပြန်တွေးမိသွားသဖြင့် စိမ့်ခနဲ ဖြစ်သွားသည်။

"ဆာ ... နေမကောင်းဘူးလား"

အက်ဂ်က မေးသည်။

"ကောင်းပါတယ်၊ ငါ သူတို့လို ပူပြီး ရေငတ်နေတာ"

ဒန့်ခ်က လမ်းတစ်ဖက်ရှိ ဖရဲခင်းကို ညွှန်ပြလိုက်သည်။

အတန်းလိုက် စိုက်ထားသော ဖရဲသီးများမှာ ရှုံ့တွနေကြသည်။ လမ်းတစ်လျှောက်ရှိ ဆိတ်များနှင့် တစေမြက်များမှာ မသေရုံတစ်မည်သာ ရှိတော့သည်။ ကောက်ပဲသီးနှံ အထွက်နှုန်းလည်း ကျဆင်းနေသည်။ ထိုဖရဲသီးများ၏ ခံစားချက်ကို ဒန့်ခ် ကိုယ်ချင်းစာမိသည်။

"လမ်းတလေ သူရဲကောင်း ဆိုတာ ဘယ်တော့မှ ရေမငတ်ဘူး၊ သူ့မှာ ခမောက် ရှိနေသရွေ့ မိုးရေ ခံသောက်လို့ ရတယ်၊ ရေတွေထဲမှာ မိုးရေက အကောင်းဆုံးပဲ ကောင်လေးရေ" ဟု ဆာအာလန် ပြောဖူးသည်။

ထိုစကားအရ အဘိုးကြီးသည် သူ့သက်တမ်း၌ ယခုနွေလောက် ပူပြင်း အိုက်စပ်သော နွေရာသီမျိုးနှင့် မကြုံခဲ့လောက်ဖူးဟု ဒန့်ခ် တွေးမိသည်။ လတ်တစ်လော မိုးရွာမည်ဟု မထင်သဖြင့် ဒန့်ခ်ကလည်း ပူလည်းပူ လေးလည်း လေးသော သူ့သံခေါင်းစွပ်ကို စတန်းဖက်စ်တွင် ထားရစ်ခဲ့သည်။

စမ်းချောင်းသို့ ရောက်လျှင် ဆပ်ပြာကောင်းကောင်းတိုက်ပြီး ရေချိုးမည့် အကြောင်းကို ဒန့်ခ်က စိတ်ကူးယဉ်လိုက်သည်။ ထိုအတွေးကြောင့် သူ့မျက်နှာထက်တွင် အပြုံးတစ်စ ပေါ်လာသည်။ ကောင်လေးလည်း ရေချိုးချင်နေလိမ့်မည်ဟု ဒန့်ခ် ထင်သည်။ သူက ချွေးထွက်မနေသော်လည်း ဖုန်များ ပေကပ်နေသည်။ အက်ဂ်က ချွေးသိပ်မထွက်တတ်ပေ။ အပူကို နှစ်သက်သည်။

mgyoe.com

mgyoe.com


ဒွန်းသို့ရောက်စဉ်အခါက အင်္ကျီချွတ်၍ လျှောက်သွားခဲ့သဖြင့် သူ့အသားအရည်က ဒေါနစ်ရှုံမျှားလို ညိုသွားခဲ့သည်။

'သူက နဂါးသွေးပဲ၊ ချွေးထွက်တဲ့ နဂါးအကြောင်း ဘယ်သူ ကြားဖူးလို့လဲ' ဟု ဒန့်ခ်က သူ့ကိုယ်သူ စိတ်ထဲတွင် ပြောလိုက်သည်။

ဒန့်ခ်သည်လည်း အင်္ကျီချွတ်ထားချင်မိသည်။ သို့သော် မသင့်လျော်ပေ။ လမ်းတလေလေ သူရဲကောင်းများသည် ဆန္ဒရှိလျှင် ကိုယ်လုံးတီးနေနိုင်သည်။ ထိုလုပ်ရပ်ကြောင့် သူကိုယ်တိုင်မှလွဲ၍ မည်သူမှ အရှက်ရစရာမရှိပါ။ သို့သော် သခင်တစ်ဦးထံ အမှုထမ်းရန် သစ္စာမဆိုခင်အထိသာ ဖြစ်ပေသည်။

ဆာအာလန် ဤသို့ ပြောခဲ့ဖူးသည်။

"သခင်တစ်ပါး ကျွေးတာကို စားနေတဲ့ အချိန်မှာ မင်းရဲ့လုပ်ရပ်တိုင်းက သူ့ဂုဏ်သိက္ခာကို တန်ပြန် အကျိုးသက်ရောက်စေတယ်၊ အမြဲတမ်း သူ မျှော်လင့်ထားတာထက် ပိုလုပ်၊ ခက်ခဲတဲ့အလုပ် ဖြစ်ရင်လည်း မညည်းညူနဲ့၊ ကိုယ် အမှုထမ်းနေတဲ့ သခင်ကို အရှက်ရအောင် မလုပ်မိဖို့က အားလုံးထဲမှာ အရေးကြီးဆုံးပဲ"

ဒန့်ခ်သည် စတန်းဖက်စ်၌ အသားဟူ၍ ကြက်သားတစ်မျိုးတည်းသာ စားရသည်။ ဇျစ်ရည်တော့ မပြတ် ရှိ၏။ ဆာယူစ်တေ့စ်သည်လည်း သူ့အတိုင်းပင် စားသောက်သည်။

ပူစပ်ပူလောင် ဖြစ်နေသော်လည်း ဒန့်ခ်က ကျူးနစ်အင်္ကျီကို လုံးဝ မချွတ်ဘဲ စတန်းဖက်စ်သို့ ဆက်သွားလေသည်။

✳

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

ဘ ရောင်းရှိုးလ်မှ ဆာဘင်းနစ်က သစ်သားတံတားအိုလေး ထိပ်တွင် စောင့်ဆိုင်းနေသည်။

"မင်း ပြန်ပေါ်လာသေးတယ်နော်၊ ငါဖြင့် မင်း အဘိုးကြီးရဲ့ ငွေတွေယူပြီး လစ်သွားပြီ ထင်နေတာ"

ဘင်းနစ်က အမွေးပွပွ မြင်းပုလေးတစ်ကောင်ပေါ်တွင် ကွမ်းရွက်ထိုင်ဝါးနေသည်။ သူ့ပါးစပ်က သွေးထွက်နေသလို နီရဲနေ၏။

"ကျွန်တော်တို့ ဒေ့ါစ်ခ်တစ်ခုလုံးပတ်ပြီး ဝိုင်ရှာနေရလို့ ကြန့်ကြာနေတာ၊ ခရာကန်တွေက လစ်တဲလ်ဒေ့ါစ်ခ်ရွာကို ဝင်တိုက်သွားတယ်၊ မိန်းမတွေကို ဖမ်းသွားကြတယ်၊ တန်ဖိုးရှိတဲ့ ပစ္စည်းတွေလည်း ယူသွားကြတယ်၊ ထားခဲ့တဲ့ ပစ္စည်းတစ်ဝက်လောက်ကိုတောင် မီးရှို့သွားသေးတယ်"

"အဲဒီ ဒဂ္ဂဂရွေးပျိုင်းကတော့ သေချင်နေပြီ ထင်တယ်၊ ဒါနဲ့ မင်း ပစ်ချ်ဘော်တွန်ပိတ်ကို တွေ့ခဲ့သေးလား"

mgyoe.com

mgyoe.com

SAMPLE BOOK


"သူ သေသွားပြီတဲ့၊ သူ့သမီးကို သံကျွန်းသားတွေ ဖမ်းခေါ်သွားလို့ သူတို့လက်ထဲက ပြန်ကယ်ဖို့ ကြိုးစားရင်း အသတ်ခံလိုက်ရတာလို့ ပြောကြတယ်"

"ငရဲကြီးခုနစ်ထပ် ကျပါစေကွာ"

ဘင်းနစ်က တစ်ဖက်လှည့်၍ ထွီခနဲ တံတွေးထွေးလိုက်သည်။

"သူ့သမီးကို ငါ တစ်ခါမြင်ဖူးတယ်၊ အသက်နဲ့ လဲရလောက်အောင် မတန်ပါဘူး၊ အဲဒီအဘိုးကြီး ငါ့ကို ငွေဒင်္ဂါးတစ်ပြား အကြွေးပေးရဦးမှာ"

သူ့ပုံစံက ဒန့်ခ်တို့ဝိုင်သွားဝယ်တုန်းကထက် ပိုညစ်ပတ်နေသည်ဟု ထင်ရသည်။ အနံ့ကတော့ ယခင်အတိုင်းပင်။ သူက အဝတ်တစ်စုံတည်းကိုသာ နေ့စဉ် ဝတ်သည်။ ယခုလည်း ဝတ်နေကျ ဘောင်းဘီအညို၊ ပုံမကျပန်းမကျ ကျူးနစ်အင်္ကျီ အကြမ်းထည်နှင့် မြင်းသားရေ ရှူးဖိနပ်တို့ကို ဝတ်ထားသည်။ ချုပ်ဝတ်တန်ဆာ ဝတ်ဆင်သည့်အခါ သံချေးတက်နေသော သံချပ်အင်္ကျီ ပေါ်တွင် အညိုရောင် ဝတ်ရုံပွပွကို ဝတ်လေ့ရှိသည်။ သူ့မျက်နှာက ဒန့်ခ် မြင်တွေ့ခဲ့သည့် ဖရဲသီးများပမာ ရှုံ့နေသဖြင့် မျက်နှာသည်လည်း ဓားအိမ်ချိတ် ခါးပတ်လို သားရေဖြင့် ပြုလုပ်ထားသည်ဟု ထင်ရသည်။ သူ့သွားများပင် အညိုရောင် ဖြစ်သည်။ မျက်လုံးများကတော့ တစ်မူထူးပြီး အစိမ်းရောင် ဖျော့ဖျော့ ဖြစ်နေ၏။ သူ့မျက်လုံးများက သေးငယ်ပြီး အနည်းငယ် စွေနေသည့်အပြင် တစ်လုံးနှင့် တစ်လုံး နီးကပ်သည်။

"ဝိုင်က နှစ်စည်တည်းလား၊ ဆာယူစ်လက်စ် (အသုံးမဝင်သူဟု ရည်ညွှန်းခေါ်ဆိုခြင်း) က လေးစည် လိုချင်တာ"

သူက ဆက်ပြောသည်။

"နှစ်စည်တောင် ကံကောင်းလို့ ရခဲ့တာ၊ အာဘော်မှာလည်း မိုးခေါင်ရေရှား ဖြစ်နေတယ်၊ စပျစ်ခိုင်ပေါ်က စပျစ်သီးတွေတောင် စပျစ်သီးခြောက်တွေ ဖြစ်ကုန်ပြီ ကြားတယ်၊ သံကျွန်းသားတွေက ....."

"ဆာ ... ရေတွေ မရှိတော့ဘူး"

အက်ဂ်က ဖြတ်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com
SAMPLE BOOK


ဒန့်ခ်က ဆာဘင်းနစ်နှင့် စကားကောင်းနေသောကြောင့် သတိမပြုမိပါ။ တံတားအောက်ရှိ စမ်းချောင်းထဲတွင် ကျောက်တုံးများနှင့် သဲများသာ ကျန်တော့သည်။

'ထူးဆန်းလိုက်တာ၊ ငါတို့ ထွက်သွားတဲ့ အချိန်တုန်းကတောင် ရေနည်းနည်း ရှိသေးတယ်' ဟု ဒန့်ခ်က တိတ်တိတ်တွေးသည်။

ဘင်းနစ်က ရယ်လိုက်သည်။ သူ့တွင် ရယ်နည်း နှစ်မျိုးရှိသည်။ တစ်ခါတစ်ရံ ကြက်တွန်သံလို ရယ်တတ်ပြီး တစ်ခါတစ်ရံ အက်ဂ်၏မြည်းအော်သည့် အသံမျိုးထက် ပိုကျယ်လောင်စွာ ရယ်တတ်သည်။ ယခုတော့ ကြက်အသံနှင့် ရယ်ခြင်း ဖြစ်သည်။

"မင်း သွားတုန်း ရေခန်းသွားတာ၊ ဒီလောက်မိုးခေါင်ပြီး နေပူတာ မခန်းဘဲ နေမလား"

ဒန့်ခ်၏ စိတ်ထဲတွင် ချောက်ချားသွားသည်။ သူက ရေမရှိသော စမ်းချောင်းထဲ ဆင်းလိုက်သည်။

'အေး ... ငါ အခု ရေချိုးလို့ မရတော့ဘူး၊ ကောက်ပဲသီးနှံတွေကော ဘာဖြစ်ကုန်ကြမလဲ' သူက စိတ်ထဲတွင် ရေရွတ်လိုက်သည်။ ရိချ်နယ်မြေရှိ ရေတွင်းတစ်ဝက်ခန့် ရေခန်းသွားပြီ။ ဘလက်ခ်ဝါးတားမြစ်နှင့် မန်ဒါမြစ်တို့ပင် ရေမျက်နှာပြင် သိသိသာသာ နိမ့်ကျသွားပြီ။

"သောက်လို့လည်း မကောင်းပါဘူး၊ ငါ တစ်ခါ သောက်ကြည့်သေးတယ်၊ အန်တောင် အန်ချင်သွားတယ်ကွာ၊ ဝိုင်က ပိုကောင်းတယ်"

"မကောင်းဘူး ဆိုတာ စပါးတွေ၊ ပြောင်းတွေအတွက် မဟုတ်ဘူး၊ မုန်လာဥနီတွေ၊ ကြက်သွန်နီတွေ၊ ဂေါ်ဖီထုပ်တွေအတွက် မဟုတ်ဘူး၊ စပျစ်ပင်တောင် ရေလိုအပ်တယ်"

ဒန့်ခ်က စိတ်ပျက်စွာ ခေါင်းခါလိုက်ပြီး တံတားပေါ် တက်လိုက်သည်။

"ဒီလောက်မြန်မြန် ဘယ်လိုခန်းသွားတာလဲ၊ ကျွန်တော်တို့ သွားတာ ခြောက်ရက်ပဲ ရှိသေးတယ်"

mgyoe.com

"ရေက အရင်ကတည်းက သိပ်မရှိပါဘူး ဒန့်ခ်ရ၊ ငါ သေးပေါက်ရင်တောင် အချိန်တစ်ခုကြာရင် ဒီထက်ကြီးတဲ့ စမ်းချောင်း ဖြစ်လာဦးမယ်"

"ကျွန်တော့်ကို ဒန့်ခ်ဆိုပြီး မခေါ်ပါနဲ့လို့ပြောထားတယ်လေ၊ ကျွန်တော့်နာမည်က အရှည်ကြီး ဆာဒန်ကန်"

သူ အဘယ်ကြောင့် သူတစ်ပါး မကြိုက်တာကို အမြဲ ပြောဆိုရသနည်းဟု ဒန့်ခ် တွေးမိသည်။ ဘင်းနစ်က ပါးစပ်ကြမ်းသည်။ သူတစ်ပါးအား လှောင်ပြောင်ရခြင်းကို အရသာတွေ့သူ ဖြစ်ပေသည်။

"ဘယ်သူ ပေးထားတာလဲ၊ မင်းတပည့် ခေါင်းတုံးလေးလား"

ဘင်းနစ်က အက်ဂ်ကို ကြည့်လိုက်ပြီး ကြက်အသံနှင့် ရယ်လိုက်သည်။

"မင်း ပန်နီထရီးက အာလန်ရဲ့လက်ထောက် လုပ်တုန်းကထက် အရပ်ပိုရှည်လာပေမယ့် ငါ့အတွက်တော့ အဲဒီတုန်းက ဒန့်ခ်ပဲ"

ဒန့်ခ်က လည်ကုပ်ကို လက်ဖြင့် ပွတ်လိုက်ပြီး ရေမရှိသည့် စမ်းချောင်းထဲကို ငုံ့ကြည့်နေရင်း -

"ငါတို့ ဘာလုပ်ကြမလဲ" ဟု ရေရွတ်လိုက်သည်။

"ဝိုင်စည်တွေ သွားပို့ရင်း စမ်းချောင်းမှာ ရေမရှိတော့တဲ့အကြောင်း ဆာယူစ်လက်စ်ကို ပြောပြလိုက်၊ စတန်းဖက်စ်က ရေတွင်းမှာတော့ ရေရှိဦးမှာပဲ၊ သူ ရေငတ်ဖို့ မရှိပါဘူး"

"သူ့ကို ဆာယူစ်လက်စ်လို့ မခေါ်ပါနဲ့ဗျ၊ ခင်ဗျား သူ့အမိုးအောက်မှာ အိပ်တာ မဟုတ်ဘူးလား၊ နည်းနည်းပါးပါး လေးစားပါဦး"

ဒန့်ခ်က သူ့ရဲ့ကောင်းအိုကို နှစ်သက်သည်။

"ငါ့အစား မင်းပဲ ပိုလေးစားပေးလိုက်၊ ငါ့ပါးစပ်နဲ့ ငါခေါ်တာ၊ ခေါ်ချင်သလို ခေါ်မယ်"

ဒန့်ခ်က အောက်ဘက်ရှိ ကျောက်တုံးများနှင့် သဲများကို မျက်မှောင်ကြုတ်၍ ကြည့်ရင်း တံတားပေါ်မှ ဖြတ်ကူးသည်။ တံတားအောက်ခံ သစ်တုံးများက ခြေလှမ်းတိုင်းတွင် ကျွီခနဲ ကျွီခနဲ အသံထွက်နေသည်။ ကျောက်တုံး

များကြား၌ သူ့လက်ဖဝါးထက် မကြီးသော အညိုရောင် ရေအိုင်များကို တွေ့ရသည်။

"ဟိုမှာ ကြည့်စမ်း၊ ငါးတွေ သေနေတယ်"

ဒန့်ခ်သည် ထိုအနံ့ကြောင့် လမ်းဆုံ၌ တွေ့ခဲ့သော လူသေနှစ်ဦးကို ပြန်သတိရသွားသည်။

"တွေ့တယ် ဆာ"

အက်ဂ်က ပြန်ပြောသည်။

တစ်ဖက်ကမ်းသို့ ရောက်သည်နှင့် ဒန့်ခ်က စမ်းချောင်းထဲ ပြန်ဆင်း၍ဆောင့်ကြောင့်ထိုင်လိုက်ပြီး ကျောက်တုံးတစ်တုံးကို ယူကြည့်လိုက်သည်။ 'အပေါ်ပိုင်းက ခြောက်သွေ့ပြီး နွေးနေပေမယ့် အောက်ပိုင်းက အစိုဓာတ် ရှိနေတုန်းပဲ' သူက စိတ်ထဲတွင် ရေရွတ်လိုက်သည်။

"ရေခန်းသွားတာ မကြာသေးဘူး"

ဒန့်ခ်က ကျောက်တုံးကို ချောင်းနံဘေးသို့ အားနှင့် ပစ်လိုက်သည်။ ကျောက်တုံးက ခြောက်သွေ့နေသော မြေသားကို ကြေမွသွားစေသည်။

"ကမ်းပါးက မြေကြီးက အက်ကွဲသွားပေမယ့် စမ်းချောင်းထဲက မြေကြီးက ပျော့နေတုန်းပဲ၊ ငါးတွေ မနေ့ကအထိ အသက်ရှင်ခဲ့တယ်"

"ငတုံး ဒန့်ခ်လို့ မင်းကို ပန်နီထရီး ခေါ်လေ့ရှိတာကို ငါ မှတ်မိသေးတယ်"

ဆာဘင်းနစ်က ကျောက်တုံးများပေါ် ဗျစ်ခနဲ တံတွေးထွေးလိုက်သည်။ ကျောက်တုံးများက နေရောင်အောက်တွင် ရွှံ့စရာကောင်းအောင် နီရဲတောက်သွားသည်။

"ငတုံးတွေက ဟိုဟိုသည်သည် လျှောက်မတွေးသင့်ဘူးကွ၊ သူတို့ဦးနှောက်က အလုပ် သိပ်မလုပ်နိုင်ဘူး"

'ငတုံး ဒန့်ခ်၊ ရဲတိုက်အုတ်တံတိုင်း တစ်ခုစာလောက် ထူတဲ့ ကောင်' ဟု ဆာအာလန် ကြိမ်းမောင်းလေ့ ရှိသော်လည်း သူက ကြင်နာတတ်သူ ဖြစ်သောကြောင့် စကားလုံးများက နားဝင်ချိုသည်။

mgyoe.com

mgyoe.com

ဆာဘင်းနစ်၏ နှုတ်မှ ထွက်လျှင်တော့ ကြားရသည်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။

"ဆာအာလန် ဆုံးသွားတာ နှစ်နှစ်ရှိပြီ၊ ပြီးတော့ ကျွန်တော့်နာမည်က အရှည်ကြီး ဆာဒန်ကန်"

ဒန့်ခ်သည် အညိုရောင် သူ့ရဲ့ကောင်း၏ မျက်နှာကို လက်သီးနှင့်ပိတ်ထိုးပြီး သွားနီနီများကို ချိုးပစ်ချင်မိသည်။ သူက ဆာဘင်းနစ်ထက် တစ်ပေခွဲလောက် အရပ်ပိုရှည်ပြီး လေးစတုံ (ငါးဆယ့်ခြောက်ပေါင်)လောက် အလေးချိန် ပိုများသည်။ သူက ငတုံးဖြစ်သော်လည်း လူကောင်ကြီးသည်။ ဝက်စ်တာရော့စ် တစ်ဝက်ရှိ တံခါးပေါင်များက သူ့အရပ်နှင့် မလွတ်ပေ။ လွန်ခဲ့သော တစ်နှစ်ခွဲက အိုးလ်တောင်းသို့ ရောက်ရှိစဉ် အက်ဂ်၏အစ်ကို အေမွန်က သူ့အရပ်ကို တိုင်းပေးခဲ့ရာ ခုနစ်ပေပြည့်ရန် တစ်လက်မသာ လိုတော့သည်ဟု ပြောခဲ့သည်။ ယခုလောက်ဆိုလျှင် ခုနစ်ပေ ကျော်သွားလောက်ပြီ။ ဒန့်ခ်က အလွန်အထွားမြန်သည်ဟု အဘိုးကြီး ပြောလေ့ရှိသည်။

သူက တံတားတစ်ဖက်သို့ ပြန်လျှောက်သွားပြီး မိုးကြိုးပေါ် တက်လိုက်သည်။

"အက်ဂ် ... စတန်းဖက်စ်ကို ဝိုင်စည်တွေ သွားပို့လိုက်၊ ငါ ရေတွေ ဘာဖြစ်သွားလဲ ဆိုတာ သွားကြည့်လိုက်ဦးမယ်"

"နေပူလို့ ရေခန်းသွားတာကိုကွာ"

ဆာဘင်းနစ်က ပြောသည်။

"ကျွန်တော် ဒီတိုင်း သွားကြည့် ....."

"ကျောက်တုံးအောက်ကို ကြည့်သလိုလား၊ ကျောက်တုံးတွေကို လျှောက်လှန်မကြည့်နဲ့ ငတုံးရဲ့၊ ဘာကောင် ထွက်လာမလဲ ဆိုတာ မသိနိုင်ဘူး၊ စတန်းဖက်စ်မှာ ကောက်ရိုးအိပ်ရာကောင်းကောင်း ရှိတယ်၊ ကြက်ဥတွေဆိုတာလည်း စားမကုန်နိုင်ဘူး၊ ဆာယူစ်လက်စ် ပြောပြတဲ့ သူ့စွန့်စားခန်းတွေကို ထိုင်နားထောင်ရုံကလွဲပြီး လုပ်စရာ သိပ်မရှိလှဘူး၊ စမ်းချောင်းက နေပူလို့ ခန်းသွားတာ"

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com

SAMPLE BOOK


ဒန့်ခ်က ခေါင်းမာသူတစ်ဦး ဖြစ်သည်။

"ဆာယူစ်တော့စ် ဝိုင်တွေကို မျှော်နေလိမ့်မယ်၊ ငါ ဘယ်သွားလဲ ဆိုတာ သူ့ကို ပြောပြလိုက် အက်ဂ်"

"ပြောပြလိုက်မယ် ဆာ"

အက်ဂ်က သူ့မြည်း၏ ဇက်ကြိုးကို ဆောင့်ဆွဲလိုက်သည်။ မေစတာ ကပေကတ်ကတ် လုပ်ချင်သော်လည်း အက်ဂ် ဆွဲရာနောက် လိုက်သွားသည်။

စမ်းချောင်းက အရှေ့မြောက်အရပ်သို့ စီးဆင်းသည့်အတွက် သူက မိုးကြိုးကို အနောက်တောင်အရပ်သို့ လှည့်လိုက်သည်။ သူ ကိုက်အနည်းငယ်သာ သွားရသေးသည်။ ဘင်းနစ်က သူ့ကို လိုက်မီသွား၏။

"မင်း လူမသိ သူမသိ သေသွားမှာစိုးလို့ ငါ လိုက်လာတာ"

ဘင်းနစ်က ကွမ်းရွက်တရွက်ကို ခေါက်၍ ပါးစပ်ထဲ ထည့်လိုက်သည်။

"အဲဒီမိုးမခပင်ကို ကျော်သွားရင် စမ်းချောင်းရဲ့ညာဘက်တစ်ခြမ်းလုံးက ပင့်ကူနယ်မြေနော်"

"ကျွန်တော် စည်းမကျော်ပါဘူး"

ဒန့်ခ်ကလည်း ကိုးလ်မုတ်ရဲတိုက်၏ သခင်မနှင့် ပြဿနာ မဖြစ်လိုပါ။ စတန်းဖက်စ်တွင် သူမ၏ မကောင်းသတင်း ကျော်စောသည်။ သူမနှင့် လက်ထပ်သည့် ယောကျ်ားအားလုံး အသက်တိုခြင်းကြောင့် သူမကို ရက်ဒ်ဝစ်ဒိုး (အနီရောင် မုဆိုးမ) ဟု ခေါ်ကြသည်။ အဘိုးကြီး ဆမ်စတွတ်ပ်က သူမသည် စုန်းမ ဖြစ်ကြောင်း၊ အဆိပ်ခတ်သူဖြစ်ကြောင်း၊ ထိုထက်မက ဆိုးရွားသော သူ ဖြစ်ကြောင်း ဒန့်ခ်ကို ပြောပြဖူးသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က သူမ၏ သူရဲကောင်းများကို စတန်းဖက်စ်သို့ စေလွှတ်၍ အောစ်ဂရေး လူတစ်ဦးကို သိုးခိုးမှုဖြင့် ဖမ်းဆီးခိုင်းခဲ့သည်။

"သခင်ကြီးက ကိုးလ်မုတ်ကို လိုက်သွားပြီး သူ့လူကို ပြန်သွားတောင်းတော့ လိုချင်ရင် ကျုံးအောက်ခြေမှာ သွားရှာလို့ ပြောလိုက်တယ်၊ သနားဖို့ ကောင်းတဲ့ ဒိတ်ခ်ကို ကျောက်တုံးတွေထည့်ထားတဲ့ အိတ်နဲ့ ချည်ပြီးတော့

mgyoe.com

mgyoe.com

ကျုံးထဲ ပစ်ချလိုက်တယ်လေ" ဟု အဘိုးကြီး ဆမ်က ပြောပြခဲ့သည်။ ဆာယူစ်တော့စ် အောစ်ဂရေးက ဆာဘင်းနစ်ကို ထိုပြဿနာ ဖြစ်ပွားပြီးနောက်မှ သူ့ လက်အောက်၌ အမှုထမ်းရန် ခန့်အပ်ခဲ့ခြင်း ဖြစ်ပေသည်။

အငွေ့ထွက်အောင် ပူပြင်းသော အပူချိန်အောက်တွင် မိုးကြိုးက ဖြည်းဖြည်းသာ သွားသည်။ ကောင်းကင်တစ်ခုလုံး ပြာနေသည်။ တိမ်ဟူ၍ တစ်ခုပင် မရှိပါ။ စမ်းချောင်းက တောင်ပူစာလေးများ၊ တစ်ပင်စီ ပေါက်နေသော မိုးမခပင်များကိုပတ်၍ လည်းကောင်း၊ ခြောက်သွေ့နေသော အညိုရောင်တောင်ကုန်းများ၊ နွမ်းလျကာ သေအံ့ဆဲဆဲဖြစ်နေသော စပါးစိုက်ခင်းများကို ဖြတ်၍ လည်းကောင်း ကွေ့ကွေ့ကောက်ကောက် ဖြစ်တည်နေ၏။ တံတားမှ စမ်းချောင်းတစ်လျှောက် တစ်နာရီခန့် ဆန်တက်ပြီးသော် 'ဝက်တ်သစ်တော' ဟု အမည်ရှိသော သစ်တောလေး၏ အစွန်အဖျားသို့ ရောက်ရှိသွားသည်။ ထိုသစ်တောကို အောစ်ဂရေးတို့ ပိုင်ဆိုင်သည်။ အဝေးမှ လှမ်းကြည့်သော် စိမ်းလန်းစိုပြည်သော သစ်တောလေး ဖိတ်ခေါ်နေသည်ဟု ထင်ရသည်။ အရိပ်ရသော မြောင်းများ၊ စမ်းချောင်းငယ်များ ရှိလိမ့်မည်ဟု ဒန့်ခ် တွက်ဆထားသည်။ သို့သော် သစ်တောထဲ ရောက်သောအခါ သစ်ပင်များမှာ ညွတ်ကျနေသော အကိုင်း အလက်များနှင့် ပိန်တာရိုးများ ဖြစ်နေကြသည်။ ဝက်သစ်ချပင်ကြီး တချို့ပင် အရွက်များ ကြွေကျကုန်ပြီ။ ထင်းရှူးပင် တစ်ဝက်ခန့်က ဆာဘင်းနစ်လို အညိုရောင် ပြောင်းသွားကြ၏။

'တဖြည်းဖြည်း ပိုဆိုးလာပြီပဲ၊ မီးပွားတစ်ပေါက်နဲ့ သစ်တော တစ်ခုလုံး ပြာဖြစ်သွားနိုင်တယ်' ဟု ဒန့်ခ်က တိတ်တိတ်တွေးသည်။

'ချက်ကီဝါးတား' အမည်ရှိသော စမ်းချောင်း၏ တစ်ဖက်ကမ်းတွင် ဆူးနွယ်ပင်များ၊ ဖက်ယားပင်များ၊ တောရိုင်းနှင်းဆီပင်များ ရှုပ်ထွေးစွာ ပေါက်ရောက်နေသည်။ မိုးမခပင် အသေးလေးကိုလည်း တွေ့ရသည်။ ဒန့်ခ်တို့က ထိုကြားထဲမှ တိုးမသွားတော့ဘဲ ရေခန်းခြောက်နေသော စမ်းချောင်းကို ဖြတ်ကူးလိုက်သည်။ ကိုးလ်မုတ်ဘက်ခြမ်းတွင် စားကျက်မြေအတွက် သစ်ပင်များကို

mgyoe.com

ရှင်းလင်းထားသည်။ နွမ်းလျခြောက်သွေ့နေသော အညိုရောင် မြက်ပင်များနှင့် အရောင်ဖျော့ဖျော့ အရိုင်းပန်းပင်များကြား၌ မျက်နှာမည်း သိုးတချို့က သူတို့ကို ငေးကြည့်နေသည်။

"သိုးတွေလောက် ဉာဏ်ထိုင်းတဲ့ တိရစ္ဆာန် ငါ မမြင်ဖူးဘူး"

ဆာဘင်းနစ်က မှတ်ချက်ပေးသည်။

"မင်း အမျိုးတွေလို့ ထင်နေတာလား ဒန့်ခ်"

ဒန့်ခ် ပြန်မပြောသောအခါ သူက ကြက်အသံနှင့် ရယ်လိုက်သည်။

သူတို့ တောင်ဘက်သို့ တစ်လိဂ် (သုံးမိုင်ခွဲ) ခန့် ဆက်သွားသော် ရေကာတာတစ်ခုကို တွေ့ရလေသည်။ သိပ်မကြီးသော်လည်း ခိုင်ခံ့ပုံရသည်။ တုတ်ခိုင်သော ပင်စည်နှစ်ခုဖြင့် စမ်းချောင်းကို ကန့်လန့်ဖြတ် ပိတ်ထားပြီး နေရာလွတ်များကို ကျောက်တုံးများ၊ မြေကြီးများဖြင့် ဖို့ထားသည်။

ရေကာတာအရှေ့တွင် မြောင်းတစ်ခု တူးထားသည်။ ဒန့်ခ်က ကောင်းကောင်းမြင်ရရန် မြင်းခြေနင်းပေါ် မတ်တတ်ရပ်လိုက်သည်။ ရေများသည် ထိုမြောင်းမှတစ်ဆင့် သခင်မဝပ်ဘ်ဘာ၏ လယ်ကွင်းများဆီ စီးဆင်းသွားသည်။

'ငါတို့ စမ်းချောင်းကို ခိုးထားတာပဲ' ဟု ဒန့်ခ်က စိတ်ထဲတွင် ရေရွတ်လိုက်သည်။

ထိုမြင်ကွင်းသည် ဒန့်ခ်ကို မခံမရပ်နိုင် ဖြစ်စေခဲ့၏။ သူတို့ ခုတ်လှဲခဲ့သည့် သစ်ပင်များမှာ အောစ်ဂရေးတို့၏ ဝက်တ်သစ်တောမှ ဖြစ်လိမ့်မည်ဟု တွေးမိသောအခါ ဒန့်ခ် ပို၍ ခံပြင်းမိလေသည်။

"စမ်းချောင်းက နေပူလို့ ရေခန်းသွားတာ မဟုတ်ဘူးပဲ၊ ဒါက ရေနဲ့ အစပြုခဲ့ပေမယ့် သွေးနဲ့ အဆုံးသတ်ရမယ်၊ သောက်ရေးမပါတဲ့ ကောင်တွေကို ပညာပေးရမယ်၊ အကြောက်တရားနည်းနည်း ရိုက်သွင်းပေးတာ ကောင်းမယ် ကွ"

ဆာဘင်းနစ်က သူ့မြင်းပုလေးကို ဆတ်ခနဲ တို့ပြီး ဒုန်းစိုင်းထွက်သွားသည်။

mgyoe.com

mgyoe.com 
SAMPLE BOOK


ဒန့်ခ်သည်လည်း သူ့နောက်လိုက်ရန်မှအပ ရွေးချယ်စရာ မရှိပါ။ ဆာအာလန်၏ ကောင်းမွန်သော သံမဏိဓားရှည်က သူ့ခါးတွင် အသင့်ရှိနေသည်။

'မြောင်းတူးသမားတွေ စဉ်းစားဉာဏ်ရှိရင် ထွက်ပြေးမှာပဲ' ဟု သူက တွေးသည်။

လူတစ်ဦးကတော့ မြင်းစီးလာနေသော သူရဲကောင်းနှစ်ဦးကို မြင်သောကြောင့် ပေါက်တူးကို လွှတ်ချလိုက်သည်။ တချို့က လူကြီး၊ တချို့က လူငယ်၊ တချို့က အရပ်ရှည်ပြီး တချို့က အရပ်ပုသည်။ တူညီသည့် အချက်မှာ သူတို့အားလုံး နေလောင်ဒဏ် ခံထားရပြီး မည်းပြာနေကြခြင်း ဖြစ်သည်။ ဘင်းနစ် အရှိန်လျှော့လိုက်သော် သူတို့က ပေါက်တူးများ၊ ဂေါ်ပြားများကို လက်ထဲကျစ်နေအောင် ဆုပ်ကိုင်ပြီး အတန်းလိုက် ရပ်လိုက်ကြသည်။ သို့သော် မညီညာပါ။

"ဒါက ကိုးလ်မုတ်နယ်မြေပေ့ာ"

လူတစ်ဦးက အော်ပြောသည်။

"အဲဒါက အောစ်ဂရေးစမ်းချောင်း"

ဆာဘင်းနစ်က သူ့ဓားနှင့် ညွှန်ပြလိုက်သည်။

"အဲဒီ သောက်ရေကာတာကို ဘယ်သူ ဆောက်တာလဲ"

"မေစတာဆာရစ်ခ် ဆောက်တာ"

ငယ်ရွယ်သော မြေတူးသမားတစ်ဦးက ဖြေသည်။

"မဟုတ်ပါဘူး၊ အဲဒီကောင်လေးက ဟိုဟာလုပ် သည်ဟာလုပ်ပဲ ပြောတာ၊ တကယ်ဆောက်တာ ငါတို့ပဲ"

အသက်ကြီးကြီး မြေတူးသမားက ဝင်ပြောသည်။

"ဒါဖြင့်ရင် ခင်ဗျားတို့ ပြန်ဖျက်"

ဖီဆန်မှုကို သူတို့၏ မျက်လုံးများထဲတွင် တွေ့ရသည်။ သူတို့အားလုံး မှုန်ကုပ်ကုပ် ရပ်နေကြသည်။ တစ်ယောက်က လက်ဖမိုးဖြင့် နဖူးပေါ်က ချွေးများကို သုတ်လိုက်သည်။ မည်သူကမှ စကားမပြောပေ။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

ဆာဘင်းနစ်က ထပ်ပြောသည်။

"နားလေးနေကြတာလား၊ နားရွက်တစ်ဖက် နှစ်ဖက်လောက် ဖြတ်ပေးရမလား၊ ဘယ်သူ အရင်လဲ"

ထိုအခါ ပိန်ချုံးပြီး ခါးကိုင်းနေသော အဘိုးကြီးက ခေါင်းမာမာနှင့် ပြန်ပြောသည်။

"ဒါက ဝပ်ဘ်ဘာနယ်မြေ၊ ခင်ဗျား ကျူးကျော်ခွင့် မရှိဘူး၊ တစ်ယောက်ယောက်ရဲ့နားရွက်ကို ဖြတ်ရဲ ဖြတ်ကြည့်ပါလား၊ သခင်မဝပ်ဘ်ဘာက ခင်ဗျားရဲ့ခြေထောက်မှာ ကျောက်တုံးချည်ပြီး ကျုံးထဲ ပစ်ချလိမ့်မယ်"

ဘင်းနစ်က မြင်းကို သူ့အနား တိုးကပ်လိုက်သည်။

"ငါ ဒီမှာတော့ ဘာသခင်မမှ မတွေ့ဘူး၊ အာကျယ်တဲ့ တောသား တချို့ပဲ တွေ့တယ်"

သူက ပြောပြောဆိုဆိုနှင့် အဘိုးကြီး၏ ဗလာကျင်းနေသော ရင်ဘတ်ကို သူ့ဓားအစွန်ဘက်နှင့် ခပ်ဆတ်ဆတ် တို့လိုက်ရာ သွေးအနည်းငယ် စီးကျလာသည်။

"ခင်ဗျား ဓားကို ပြန်သိမ်းလိုက်၊ ဒါ သူ လုပ်တာ မဟုတ်ဘူး၊ မေစတာ လုပ်ခိုင်းတာ"

ဒန့်ခ်က သူ့ကို သတိပေးသည်။

"သီးနှံတွေအတွက်ပါ ဆာ၊ စပါးပင်တွေ သေတော့မယ်လို့ မေစတာ ပြောတယ်၊ သစ်တော်ပင်တွေရောပဲ"

နားရွက်ကားကားနှင့် မြေတူးသမားက ဝင်ပြောသည်။

"သစ်တော်ပင်တွေ မသေရင် မင်းတို့ သေရမယ်"

ဘင်းနစ်က ပြောသည်။

"ကျုပ်တို့ကို ပါးစပ်နဲ့ လာမခြိမ်းခြောက်နဲ့"

အဘိုးကြီးက ပြောသည်။

"ပါးစပ်နဲ့ မခြိမ်းခြောက်ရဘူးလား"

ဘင်းနစ်က အဘိုးကြီး၏ မျက်နှာကို ဓားနှင့် ချိန်ရွယ်လိုက်ပြီး နားရွက်

mgyoe.com

SAMPLE BOOK

နား‌မှ မေးရိုးအထိ ပါးပေါ်တွင် ခြစ်ချလိုက်သည်။ သွေးများ စီးကျလာသည်။

"သစ်တော်ပင်တွေ မသေရင် မင်းတို့ သေရမယ်လို့ ငါ မပြောဘူးလား"

'သူ မလုပ်သင့်ဘူး' ဒန့်ခ်က တိတ်တိတ်တွေးပြီး ခေါသကို မျိုသိပ်လိုက်သည်။ ဘင်းနစ်သည် သူ့ဘက်က မဟုတ်ပါလော။

"ဒီနေရာက ထွက်သွားကြတော့၊ ခင်ဗျားတို့ သခင်မရဲ့ရဲတိုက်ကို ပြန်သွားကြ"

ဒန့်ခ်က အော်ပြောသည်။

"မြန်မြန်ပြေးကြ"

ဆာဘင်းနစ်က ထပ်ပြောသည်။

မြေတူးသမား သုံးယောက်က ကိရိယာများကို ချ၍ ခြေကုန်သုတ်သွားကြသည်။ ဗလတောင့်တောင့် လူတစ်ယောက်က ပေါက်တူးကို ကောက်ကိုင်လိုက်သည်။

"သူတို့က နှစ်ယောက်ပဲ ရှိတာ"

"ရူးနေလို့ ပေါက်တူးနဲ့ ဓားနဲ့ ချမှာလား ဂျော်ဂန်"

အဘိုးကြီးက မျက်နှာကို လက်ဖြင့် ဖိကိုင်ထားသည်။ သွေးများက လက်ကြားမှ စီးကျနေသည်။

"ပြီးသွားပြီ မထင်နဲ့၊ ပြီးသွားပြီလို့ လုံးဝမထင်နဲ့"

"ခင်ဗျားကတော့ နောက်တစ်ခွန်း ထပ်ပြောတာနဲ့ ပြီးသွားစေရမယ်"

"ကျုပ်တို့ ခင်ဗျားတို့ကို အန္တရာယ်ပေးဖို့ ဆန္ဒမရှိဘူး၊ ကျုပ်တို့ ရေကိုပဲ ပြန်လိုချင်တာ၊ ခင်ဗျားတို့ သခင်မကို ပြန်ပြောလိုက်ပါ"

ဒန့်ခ်က ပြောသည်။

"ပြောလိုက်မယ် ဆာ၊ ကျုပ်တို့ ဆက်ဆက်ပြောလိုက်မယ်"

ဗလတောင့်တောင့်နှင့် လူက ပေါက်တူးကို ဆုပ်ကိုင်ထားရင်း ပြန်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ဒန့်ခ်တို့သည် အရိပ်အနည်းငယ် ပိုရသော ဝက်တံသစ်တော အလယ်ဗဟိုမှ ဖြတ်ပြန်သော်လည်း နေက ချစ်ချစ်တောက် ပူနေဆဲဖြစ်သည်။ သစ်တောထဲတွင် ဒရယ်များ ရှိနေသင့်သည်။ သို့သော် သက်ရှိဟူ၍ ယင်ကောင်များသာ ရှိနေသည်။ ဒန့်ခ်၏ မျက်နှာနားတွင် တဝီဝီ လာအော်ကြသလို မိုးကြိုး၏ မျက်လုံးနားတွင် ရစ်သီရစ်သီလုပ်ပြီး အနှောင့်အယှက် ပေးကြသည်။ မွန်းကျပ်ဖွယ်ကောင်းအောင် လေငြိမ်နေသည်။

'ဒွန်းမှာတောင် နေ့ဘက်တွေ ပူသလောက် ညဘက်တွေဆို အေးတယ်၊ ဝတ်ရုံခြုံပြီး အိပ်ရင်တောင် ခိုက်ခိုက်တုန်တယ်' ဟု ဒန့်ခ်က တွေးသည်။ ရီချ်နယ်မြေ၌ မြောက်ပိုင်းတွင်ပင် နေ့နှင့်ည အပူချိန် သိပ်မကွာခြားတော့ပေ။

တစ်နေရာ အရောက်တွင် သစ်ကိုင်းနှင့် မလွတ်သောကြောင့် မြင်းပေါ်မှ ဆင်းရသည်။ ဒန့်ခ်က သစ်ကိုင်းအောက်မှ ခေါင်းငုံ့၍ ဖြတ်သန်းရင်း

mgyoe.com

သစ်ရွက်တစ်ရွက်ကို ခူးလိုက်သည်။ သစ်ရွက်က သူ့လက်ထဲတွင် နှစ်တစ်ထောင်သက်တမ်းရှိ ပေရွက်တစ်ရွက်လို ကြေမွသွားသည်။

"ခင်ဗျား လက်ပါဖို့ မလိုပါဘူး"

ဒန့်ခ်က ဆာဘင်းနစ်ကို ပြောသည်။

"စကားပြောဆင်ခြင်ဖို့ ပညာပေးလိုက်တာ၊ ငါ သူ့လည်ပင်းကို လှီးပစ်လိုက်သင့်တယ်၊ အဲဒါမှ တခြားလူတွေ ယုန်တွေလို ထွက်ပြေးကြမှာ၊ ကျန်တဲ့လူတွေကို လိုက်သတ်ရုံပဲ"

"ခင်ဗျား လူနှစ်ဆယ်ကို သတ်မလို့လား"

ဒန့်ခ်က သူ့စကားကို မယုံကြည်နိုင်ပေ။

"နှစ်ဆယ့်နှစ်ယောက်၊ မင်းရဲ့လက်ချောင်း ခြေချောင်းတွေ အားလုံးထက် နှစ်ဆပိုများတယ် ငတုံးရ၊ အားလုံးကို သတ်မှ ဖြစ်မှာ၊ မသတ်ရင် ငါတို့အကြောင်း လျှောက်ပြောလိမ့်မယ်"

သူတို့က ရေမရှိသော ရေတံခွန်ငယ်ကို ပတ်သွားကြသည်။

"စမ်းချောင်းက မိုးခေါင်လို့ ခန်းသွားတာ ဆိုပြီး ဆာယူစ်လက်စ်ကို ပြောသင့်တယ်"

"ဆာယူစ်တေ့စ်ကို လိမ်ပြောမလို့လား"

"အေး၊ ဘာလို့ မပြောရမှာလဲ၊ ဘယ်သူက ဇာတ်လမ်းတစ်မျိုး သွားပြောမှာမို့လဲ၊ ယင်ကောင်တွေလား"

ဆာဘင်းနစ်က သွားနီနီများ ပေါ်အောင် ပြုံးလိုက်သည်။

"ဆာယူစ်လက်စ်က ကောင်လေးတွေကို ဘလက်ခ်ဘယ်ရီ စိုက်ခင်းထဲ ဆင်းကြည့်ရုံကလွဲပြီး ဘယ်တုန်းက ရဲတိုက်အပြင် ထွက်လို့လဲ"

"သစ္စာခံထားတဲ့ သူရဲကောင်းတစ်ယောက်ဟာ သူ့သခင်ကို အမှန်တရားပဲ ပြောသင့်တယ်"

"အမှန်တရားနဲ့ မထိုက်တန်တဲ့ လူတချို့ ရှိတယ် ငတုံးရဲ့၊ မိုးခေါင်ရေရှားအောင် နတ်ဘုရားတွေပဲ လုပ်နိုင်တယ်၊ နတ်ဘုရားတွေရဲ့ လုပ်ဆောင်ချက်ကို ဘယ်သူမှ အတွန့်တက်လို့ မရဘူး၊ သူ့ရေတွေကို ယူသွားတာ ဟိုခွေးမ

mgyoe.com

mgyoe.com
SAMPLE BOOK


လို့ ယူစ်လက်စ်ကို သွားပြောရင် သူ့ဂုဏ်သိက္ခာအတွက် တစ်ခုခု ပြန်လုပ်လိမ့်မယ်၊ မင်း စောင့်ကြည့်နေ၊ သူ တစ်ခုခု လုပ်လိမ့်မယ်"

"လုပ်သင့်တယ်၊ ကျွန်တော်တို့ ရွာသားတွေ သူတို့ ကောက်ပဲသီးနှံတွေအတွက် ရေလိုတယ်"

"ကျွန်တော်တို့ ရွာသားတွေ ... ဟုတ်လား"

ဆာဘင်းနစ်က ရယ်လိုက်သည်။ သည်တစ်ခါတော့ မြည်းအသံနှင့် ရယ်ခြင်း ဖြစ်သည်။

"ငါ ချေးထိုင်ပါနေတုန်း ဆာယူစ်လက်စ်က မင်းကို သူ့ရဲ့ ဆက်ခံသူအဖြစ် ခန့်အပ်လိုက်တာလား၊ မင်းဆီမှာ ရွာသားဘယ်နှယောက် ရှိတယ်ထင်လဲ၊ တိုက်ခိုက်နိုင်တာ ဆယ်ယောက်လား၊ အဲဒါတောင် မျက်စိစွေနေတဲ့ ဂျိန်းရဲ့ ကျပ်မပြည့်တဲ့ သား ... ပုဆိန်ကို ဘယ်ဘက်က ကိုင်ရမှန်း မသိတဲ့ကောင်ကို ထည့်တွက်ထားတာ၊ တစ်ယောက်မကျန် ထည့်တွက်မှ မုဆိုးမရဲ့ တစ်ဝက်လောက်ပဲ အင်အားရှိတာ၊ သူ့ဆီမှာ လေးသမားတွေ၊ လက်ထောက်လူငယ်တွေ ရှိနေသေးတယ်၊ မင်း ရေတွက်မယ်ဆိုရင် မင်းရဲ့လက်ချောင်း ခြေချောင်းတွေ အားလုံးအပြင် ခေါင်းတုံးကောင်လေးရဲ့လက်ချောင်း ခြေချောင်းတွေပါ လိုလိမ့်မယ်"

"ခြေချောင်းတွေ မလိုဘူး"


ဒန့်ခ်သည် အပူချိန်၊ ယင်ကောင်များနှင့် အညှိရောင် သူရဲကောင်းကို အလွန်စိတ်ပျက်လာသည်။

'သူ တချိန်တုန်းက ဆာအာလန်နဲ့ တွဲဖော်တွဲဖက် ဖြစ်ခဲ့ဖူးပေမယ့် အဲဒါက နှစ်အတော်ကြာခဲ့ပြီ၊ အခုတော့ ပြောင်းလဲသွားပြီ၊ သူရဲကောင်းဘွဲ့နဲ့ မထိုက်တန်တော့ဘူး' ဟု ဒန့်ခ်က သူ့ကိုယ်သူ ပြော၍ မိုးကြိုးကို ခပ်ဆတ်ဆတ်ကန်ပြီး ဘင်းနစ်ကို အနောက်တွင် ချန်ရစ်ခဲ့တော့သည်။

✳

mgyoe.com

mgyoe.com 



စတာန်းဖက်စ် ရဲတိုက်

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

**စတင်** ဖက်စ်သည် မျှော်စင်တစ်ခုထက် မပိုပါ။ သို့သော် တချို့က လောကဝတ်အရ ရဲတိုက်ဟု ခေါ်ဆိုကြသည်။ ကျောက်တုံး ထူထပ်သော တောင်ကုန်း ထိပ်၌ မားမားမတ်မတ် တည်ရှိသဖြင့် မည်သည့်အရပ်မှ လှမ်းကြည့်သည် ဖြစ်စေ မြင်နိုင်သည်။ လွန်လေပြီးသော ရာစုနှစ် အနည်းငယ်က ယိုယွင်း ပြိုကျခဲ့သည့်နေရာတချို့ကို ပြုပြင်ထားသည်။ မျှော်စင်၏ အနောက်ဘက်နှင့် မြောက်ဘက်ရှိ ပြတင်းပေါက်များ၏ အပေါ်ပိုင်း နံရံမှာ မီးခိုးရောင်ဖျော့ဖျော့ ဖြစ်နေပြီး အောက်ပိုင်းမှာ အမည်းရောင် ဖြစ်နေသည်။ ပြန်လည်မွမ်းမံချိန်တုန်းက မျက်နှာစာ ထောင့်နှစ်ထောင့်တွင် ပြအိုးတစ်ခုစီ ဆောက်လုပ်ခဲ့သည်၊ တခြားထောင့်နှစ်ထောင့်တွင်မူ ကျောက်သားများမှာ ရာသီဥတုဒဏ်နှင့် လေဒဏ်ကြောင့် ဆိုးဆိုးရွားရွား ပျက်စီးထားသည်။ ယခင်က မည်သည့် ပုံသဏ္ဌာန် ရှိခဲ့ကြောင်းကို မပြောနိုင်တော့ပေ။ အမိုးက ခပ်ပါးပါး ထင်းရှူးသား ဖြစ်ပြီး တချို့နေရာများတွင် တွန့်လိမ်ရှုံ့တွနေကာ တချို့နေရာများတွင် အပေါက်များ ဖြစ်နေသည်။

mgyoe.com

လမ်းသည် တောင်ကုန်းအောက်ခြေမှ မျှော်စင်အရှေ့အထိ ကောက်ကောက်ကွေ့ကွေ့ ဖြစ်သည်။ မြင်းတစ်ကောင် ကောင်းကောင်း သွားနိုင်လောက်အောင်သာ ကျယ်ဝန်းသည်။ ဒန့်ခ်က ဦးဆောင်၍ တက်သည်။ အက်ဂ်ကို တောင်ကုန်းအောက်တွင် လှမ်းမြင်ရသည်။ ကောင်လေးက ခမောက်အဝိုင်းကြီး ဆောင်းထားပြီး ငေါထွက်နေသည့် ကျောက်တုံး တစ်တုံးပေါ်တွင် ရပ်နေသည်။

သူတို့က မျှော်စင်အခြေရှိမြင်းဇောင်းအရှေ့တွင် ရပ်လိုက်ကြသည်။ မြင်းဇောင်းသည် သစ်ကိုင်းခြောက်များ၊ တုတ်ချောင်းများကို ရွံ့ကပ်၍ ဆောက်ထားသော ပုံမကျပန်းမကျ တဲကလေး ဖြစ်သည်။ အကန့်တစ်ကန့်တွင် အဘိုးကြီး၏ မီးခိုးရောင် သင်းကွပ်မြင်းကို ထည့်ထားသည်။ ဘေးချင်းကပ် အကန့်တွင် အက်ဂ်၏ မြည်း မေစတာကို တွေ့ရသည်။ ဝိုင်စည်များကို အက်ဂ်နှင့် ဆမ်စတွတ်ပ်တို့ အထဲသွင်းပြီးလောက်ပြီ။ ကြက်များက မြေကွက်လပ်ထဲ ရောက်တတ်ရာရာ လျှောက်သွားနေသည်။ အက်ဂ်က ဒန့်ခ်ဆီ သွက်သွက်လက်လက် လျှောက်လာသည်။

"စမ်းချောင်း ရေခန်းရတဲ့ အကြောင်းရင်းကို သိပြီလား ဆာ"

"မုဆိုးမက ရေကာတာ ဆောက်ထားတာကွ"

ဒန့်ခ်က မြင်းပေါ်မှ လွှားခနဲဆင်းပြီး ဇက်ကြိုးကို အက်ဂ် လက်ထဲ အပ်လိုက်သည်။

"တစ်ခါတည်း ရေအများကြီး မတိုက်နဲ့"

"မတိုက်ပါဘူး ဆာ"

"ကောင်လေး"

ဆာဘင်းနစ်က လှမ်းခေါ်သည်။

"ငါ့မြင်းကိုလည်း ယူသွားပေးလို့ ရတယ်လေကွာ"

အက်ဂ်က ပမာမခန့် ပြန်ကြည့်လိုက်သည်။

"ကျွန်တော် ခင်ဗျားလက်ထောက် မဟုတ်ဘူး"

mgyoe.com

myoe.com
SAMPLE BOOK


'အဲဒီလျှာကြောင့် တစ်နေ့ ဒုက္ခရောက်ဦးမယ်' ဟု ဒန့်ခ်က စိတ်ထဲတွင် ရေရွတ်လိုက်သည်။

"သူ့မြင်းကိုပါ ယူသွားပေးလိုက်၊ မဟုတ်ရင် နားရင်းအုပ်ခံရမယ်"

အက်ဂ်က စူပုပ်ပုပ် လုပ်လိုက်သော်လည်း ဒန့်ခ် ပြောသည့်အတိုင်း လုပ်သည်။ အက်ဂ် မြင်းဇက်ကြိုးကို လှမ်းကိုင်မည့်ဆဲဆဲတွင် ဆာဘင်းနစ်က လည်ချောင်းရှင်းပြီး အက်ဂ်အရှေ့နားကို တံတွေးထွေးလိုက်သည်။ အနီရောင်ချွဲသလိပ်များက ကောင်လေး၏ ခြေချောင်းများပေါ် ကျသွားသည်။ သူက ဘင်းနစ်ကို အေးစက်စက် ကြည့်လိုက်သည်။

"ခင်ဗျား လုပ်တာ ကျွန်တော့်ခြေထောက် ပေသွားပြီ ဆာ"

ဘင်းနစ်က မြင်းပေါ်မှ ဆင်းလိုက်သည်။

"အေး၊ ငါ တမင်လုပ်တာ၊ နောက်တစ်ခါဆို မင်းမျက်နှာပဲ၊ မင်းကလန်ကဆန် ပြောတာတွေ ငါ ထပ်မကြားချင်ဘူး"

ကောင်လေး၏ ဒေါသကို သူ့မျက်လုံးထဲတွင် ဒန့်ခ် မြင်သည်။

"မြင်းတွေကို သွားထားလိုက်တော့၊ ငါတို့ ဆာယူစ်တေ့စ်ကို အကျိုးအကြောင်း ပြောပြရဦးမယ်"

ဒန့်ခ်က အက်ဂ် တစ်ခုခု ပြန်မလုပ်မိခင် ပြောလိုက်သည်။

စတန်းဖက်စ်၏ တစ်ခုတည်းသော ဝင်ပေါက်သည် သံပေါင်ကွပ်ထားသည့် ဝက်သစ်ချတံခါး ဖြစ်ပြီး မြေပြင်မှ ပေနှစ်ဆယ်အကွာတွင် ရှိနေသည်။ အမည်းရောင် ကျောက်သားလှေကားထစ်များသည် ဖန်တစ်ရာတေအောင် နင်းခံထားရသောကြောင့် အလယ်တွင် ဘဲဥပုံသဏ္ဍာန် ချိုင့်ခွက်လေးများ ဖြစ်နေသည်။ တံခါးဆီရောက်ရန် ခေါက်သိမ်းနိုင်သော သစ်သားလှေကားတစ်ခုကို ဆက်တက်ရသည်။ ဒန့်ခ်က ကြက်များကို ရှူးခနဲ မောင်းလိုက်ပြီး သစ်သားလှေကားပေါ် ဆက်တက်သည်။ လှေကားက ခြေလှမ်းတိုင်းတွင် တအိအိ လှုပ်ကာ တကျွီကျွီ အသံထွက်နေသည်။

စတန်းဖက်စ်သည် အပြင်မှ မြင်ရသည်ထက် ပိုကြီး၏။ တောင်ကုန်းထိပ်တွင် ဆောက်ထားခြင်းကြောင့် မြေအောက်ခန်းများ ကောင်းစွာ ဖောက်လုပ်

myoe.com

ထားနိုင်သည်။ မျှော်စင်မှာ မြေပြင်အထက်တွင် လေးထပ် ရှိသည်။ အပေါ်ဆုံး နှစ်ထပ်တွင် ပြတင်းပေါက်များ၊ ဝရန်တာများ ပါရှိပြီး အောက်ဆုံးနှစ်ထပ်တွင်တော့ မြားပစ်ပေါက်များသာ ရှိသည်။ အတွင်းပိုင်းက ပိုအေးသော်လည်း အလင်းရောင် သိပ်မရှိသဖြင့် ဒန့်ခ်က မျက်လုံးကို ကျင့်သားရသွားအောင် အရင်လုပ်ရသည်။ ဆမ်စတွတ်ပ်၏ မိန်းမက မီးလင်းဖိုအရှေ့တွင် ဒူးထောက်၍ ပြာများကို လှည်းကျင်းနေသည်။

"ဆာယူစ်တော့စ်က အပေါ်မှာလား၊ အောက်မှာလား"

ဒန့်ခ်က သူမကို မေးသည်။

"အပေါ်မှာပါ ဆာ၊ ကောင်လေးတွေကို ဘလက်ခ်ဘယ်ရီ စိုက်ခင်းထဲမှာ သွားတွေ့ပြီး အခုနပဲ အပေါ်တက်သွားတာ"

အဘွားကြီးက ခါးကုန်းနေသဖြင့် ပခုံးနှစ်ဖက်က ခေါင်းထက်ပင် ပိုမြင့်နေသည်ဟု ထင်ရသည်။ သူပြောသည့် ကောင်လေးများသည် ယူစ်တော့စ် အောစ်ဂရေး၏ သားသုံးယောက် ... အက်ဒ်ဝင်း၊ ဟာရိုးလ်နှင့် အက်ဒ်ဒမ်တို့ ဖြစ်ကြသည်။ အက်ဒ်ဝင်းနှင့် ဟာရိုးလ်တို့က ဆာဘွဲ့ရထားသူများ ဖြစ်ပြီး အက်ဒ်ဒမ်က လက်ထောက်လူငယ် ဖြစ်သည်။ သုံးယောက်စလုံးက လွန်ခဲ့သော ဆယ့်ငါးနှစ်က ဘလက်ခ်ဖိုင်းယား ပုန်ကန်မှုကြီးကို အဆုံးသတ်စေခဲ့သော မြက်နီလွင်ပြင်တိုက်ပွဲ၌ ကျဆုံးသွားခဲ့သည်။

"သူတို့ သေခြင်း ကောင်းပါတယ်၊ ဘုရင့်အတွက် ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ပေးခဲ့တယ်၊ ငါ သူတို့ကို အိမ်ပြန်သယ်လာပြီး ဘလက်ခ်ဘယ်ရီ တွေကြားမှာ မြှုပ်ပေးခဲ့တယ်" ဟု ဆာယူစ်တော့စ်က ဒန့်ခ်ကို ပြောပြခဲ့ဖူးသည်။

သူ့ဇနီးကိုလည်း ထိုနေရာတွင်ပင် မြှုပ်နှံထားသည်။ အဘိုးကြီးသည် ဝိုင်စည်အသစ်ဖွင့်တိုင်း သူ မသောက်ခင် သူတို့၏ အုတ်ဂူပေါ်သို့ အနည်းငယ် လောင်းချပြီး "ဘုရင့်အတွက်" ဟု ကျယ်ကျယ်ပြောလေ့ ရှိသည်။ ဆာယူစ်တော့စ်၏ အိပ်ဆောင်သည် မျှော်စင်၏ လေးထပ်မြောက်တွင် ရှိသော်လည်း သူ့ကို တတိယထပ်ရှိ သေတ္တာပုံးများ၊ စည်ပိုင်းများကြားတွင် ရှာတွေ့မည်ကို ဒန့်ခ် အတပ်သိသည်။ ထိုအခန်းထဲရှိ မီးခိုးရောင် ကျောက်သားနံ့ရံ

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyobe.com
SAMPLE BOOK

များပေါ်တွင် ရာစုနှစ်များစွာက ဖြစ်ပွားခဲ့သော တိုက်ပွဲများ၌ ဖမ်းဆီးရမိသူတို့၏ အလံများ၊ သံချေးတက်နေသော လက်နက်များ၊ တိုက်ပွဲအတွင်း စွမ်းဆောင်ရည် မြင့်မားမှုကြောင့် ဆုလာဘ်အဖြစ် ရရှိခဲ့သည့် ပစ္စည်းများကို ချိတ်ဆွဲထားသည်။ ထိုပစ္စည်းများ၏ ဇာတ်ကြောင်းကို ဆာယူစ်တေ့စ်မှလွဲ၍ မည်သူမှ မမှတ်မိတော့ပါ။ အလံတစ်ဝက်ခန့်က ဖားဥစွဲနေပြီး ကျန်တစ်ဝက်က ဖုန်ပေကာ ဆေးသားများ မှိန်ပျနေသည်။ တချိန်တစ်ခါက တောက်ပခဲ့သော အရောင်များမှာ ယခုအခါ မီးခိုးရောင်နှင့် အစိမ်းရောင်များအဖြစ် ပြောင်းလဲ သွားပြီ။

ဒန့်ခ် ရောက်သွားချိန်၌ ဆာယူစ်တေ့စ်က ဒိုင်းအပွဲ့တစ်ခုကို အဝတ်စုတ်ဖြင့် ပွတ်တိုက်နေသည်။ ဘင်းနစ်က သူ့အနောက်မှ လိုက်တက်လာ၏။ အဘိုးကြီး၏ မျက်လုံးများက ဒန့်ခ်ကို မြင်သည်နှင့် အရောင်တောက်သွားသည်ဟု ထင်ရသည်။

“ငါ့ရဲ့လူထွားကြီး ဆာဒန်ကန်နဲ့ ရဲရင့်တဲ့ ဆာဘင်းနစ်တို့ ရောက်လာကြပြီပဲ၊ ဒီဟာကို လာကြည့်လှည့်ပါဦး၊ ငါ ဒီသေတ္တာအောက်ဆုံးက ရှာတွေ့ထားတာ၊ မေ့မေ့လျော့လျော့နဲ့ လျစ်လျူရှုထားမိတဲ့ ရတနာတစ်ခု”

တစ်ဝက်ကျော် ကျိုးပွဲ့နေသည့် ဒိုင်းတစ်ခု ဖြစ်သည်။ ကျိုးပွဲ့နေသော နေရာ၌ သစ်သားစများ ထွက်နေသည်။ သံပေါင်က သံချေးတက်နေ ပြီး သစ်သားများမှာ ပိုးကိုက်ရာများနှင့် ပြည့်နေသည်။ တချို့နေရာများတွင် ဆေးသားအနည်းငယ် ကျန်သေးသော်လည်း မည်သည့်တံဆိပ် ရေးခြယ်ထားကြောင်း မသိနိုင်တော့ချေ။

“သခင်၊ အဲဒါ ဘာများလဲ”

ဒန့်ခ်က မေးလိုက်သည်။

အောစ်ဂရေးတို့သည် လွန်ခဲ့သော ရာစုနှစ်များစွာက ရိချ်နယ်မြေ၌ ကြီးကျယ်ခမ်းနားသော အရှင်သခင်များ ဖြစ်ခဲ့သော်လည်း ယခုအခါ နယ်မြေပိုင် သူရဲကောင်းအဆင့်သာ ရှိတော့သည်။ ရှေးပဝေသဏီက အိမ်တော်၏

mgyoe.com
SAMPLE BOOK


အောင်မြင်မှုများကြောင့် ဆာယူစ်တော့စ်က သခင်ဟု ခေါ်ဝေါ်ခံရခြင်းကို အရသာတွေ့၏။

"ခြသေ့်ငယ်ရဲ့ဒိုင်း"

အဘိုးကြီးက ဘေးပေါင်တစ်လျှောက်ကို အဝတ်စုတ်ဖြင့် ဖိတိုက်လိုက်ရာ ဖုန်များ အလိပ်လိုက် ထွက်လာသည်။

"ဆာဝီလ်ဘတ်အောစ်ဂရေးက ဒီဒိုင်းကို ကိုင်ဆောင်ပြီး တိုက်ပွဲဝင်ခဲ့တယ်၊ အဲဒီတိုက်ပွဲမှာ သူ ကျသွားတာ၊ သမိုင်းကြောင်းကို မင်းတို့ သိကြမှာပေါ့"

"မသိဘူးခင်ဗျ၊ ခြသေ့်ငယ်ဆိုတော့ သူက လူပုလေးများလား"

ဆာဘင်းနစ်က ဝင်မေးသည်။

"ဘယ်ကလာ ... ဆာဝီလ်ဘတ်က အရပ်ရှည်တယ်၊ ဩဇာရှိသလို တိုက်ရည်ခိုက်ရည် သိပ်ကောင်းတဲ့ သူရဲကောင်းလည်း ဖြစ်တယ်၊ သူက မွေးချင်းညီအစ်ကို ငါးယောက်ထဲမှာ အငယ်ဆုံးမို့ ခြသေ့်ငယ်လို့ နာမည်တွင်ခဲ့တာ၊ အဲဒီအချိန်တုန်းက ခုနစ်ပြည်ထောင်မှာ ဘုရင်ခုနစ်ပါး ရှိနေတုန်းပဲကွ၊ ဟိုက်ဂါးဒင်းနဲ့ ကတ်စတာလေရော့ခ်တို့က မကြာခဏ စစ်ဖြစ်ကြတယ်၊ ငါတို့ကို ဂါဒင်နာအိမ်တော်က အုပ်ချုပ်နေတာ၊ ဂါဒင်နာတွေဟာ အရဏ်ဦးခေတ်က ဘုရင်ကြီး ဂတ်သ်ဂရင်းဟန်းရဲ့မျိုးဆက်တွေပဲ၊ သူတို့ရဲ့တော်ဝင်အလံက အဖြူရောင်နောက်ခံမှာ အစိမ်းရောင်လက်ပုံနဲ့၊ တတိယ ဂိုင်လက်စ် ဂါဒင်နာက စတွန်အန်းဒ်ဘုရင်နဲ့ စစ်ရင်ဆိုင်ဖို့ သစ္စာခံတွေကို ဆင့်ခေါ်တဲ့အခါ ဆာဝီလ်ဘတ်တို့ ညီအစ်ကိုတစ်သိုက်လည်း ပါဝင်ခဲ့တယ်၊ ရိချ်ရဲ့ဘုရင် စစ်ထွက်တဲ့အခါတိုင်း ပြောက်ကျားခြသေ့်အလံကို လက်စိမ်းအလံဘေးမှာ အမြဲတွေ့ရတယ်"

"တစ်နေ့ကျတော့ ရော့ခ်ဘုရင်က ဘုရင်ဂိုင်လက်စ် အဝေးရောက်နေတာကို အခွင့်ကောင်းယူပြီး ရိချ်ကို လာတိုက်တယ်၊ အောစ်ဂရေးတွေက မာချ်နယ်မြေမြောက်ပိုင်းရဲ့ တပ်မှူးတွေ ဆိုတော့ ခြသေ့်ငယ်က သူတို့ကို ရင်ဆိုင်ခဲ့တယ်၊ လန်နစ်စတာတွေကို ဦးဆောင်လာတဲ့ ဘုရင်က လေးယောက်

mgyoe.com

mgyoe.com



mgyoe.com

မြောက် လန်ဆဲလ်လန်နစ်စတာ၊ အင်း ... ငါးယောက်မြောက်လည်း ဖြစ်ချင်ဖြစ်မယ်၊ ဆာဝီလ်ဘတ်က ဘုရင်လန်ဆဲလ်ကို ပိတ်ဆို့လိုက်တယ်၊ 'ရှေ့တိုးမလာနဲ့၊ လန်နစ်စတာတွေကို ဒီနေရာမှာ အလိုမရှိဘူး၊ ခင်ဗျားတို့ကို ရိချ်နယ်မြေမှာ ခြေချခွင့် မပြုဘူး' ဆိုပြီး သူက ပြောပေမယ့် ဘုရင်က သူ့လူတွေကို တိုက်မိန့်ပေးလိုက်တယ်"

"ရွှေခြသေ့်နဲ့ ပျောက်ကျားခြသေ့်တို့ရဲ့တိုက်ပွဲက နေ့ဝက်လောက်ကြာခဲ့တယ်၊ ဘုရင်လန်ဆဲလ်ရဲ့ဓားက ဗလရီယန် သံမဏိဆိုတော့ သာမန်ဓားတွေက မယှဉ်နိုင်ခဲ့ဘူး၊ အဲဒီလိုနဲ့ ခြသေ့်ငယ်ရဲ့ဒိုင်းက ကျိုးသွားတယ်၊ သူကိုယ်တိုင်လည်း ဒဏ်ရာပေါင်းများစွာကနေ သွေးထွက်နေတယ်၊ လန်ဆဲလ်က သူ့ခန္ဓာကိုယ်ကို ထက်ဝက်ပိုင်းလိုက်တယ်လို့ သီချင်းသည်တွေ ဆိုကြတယ်၊ ဒါပေမဲ့ သူ မသေခင်မှာ လန်ဆဲလ်ကို ဓားမြှောင်နဲ့ ထိုးနိုင်ခဲ့တယ်၊ ဘုရင်ကျသွားတဲ့အခါ အနောက်ပိုင်းသားတွေ ပြန်လှည့်သွားကြတယ်၊ အဲဒီလိုနဲ့ ဆာဝီလ်ဘတ်အောစ်ဂရေးက ရိချ်နယ်မြေကို ကယ်တင်ပေးခဲ့တယ်"

အဘိုးကြီးက ဒိုင်းအပဲ့ကို ကလေးတစ်ဦးအမှတ်နဲ့ တယုတယပွတ်သပ်လေသည်။

"သူလိုလူကို တိုင်းပြည်က အခုအချိန်မျိုးမှာ လိုအပ်တယ် သခင်၊ စကားမစပ် ကျွန်တော်နဲ့ ဒန့်ခ် သခင့်စမ်းချောင်းကို တွေ့ခဲ့တယ်၊ စမ်းချောင်းထဲမှာ ရေမရှိတော့ဘူး၊ မိုးခေါင်လို့ မဟုတ်ဘူးဗျာ"

ဆာဘင်းနစ်က စပြောသည်။

အဘိုးကြီးက ဒိုင်းကာကို ဘေးချထားလိုက်သည်။

"ပြောစမ်းပါဦး"

သူက ထိုင်ခုံတစ်လုံးတွင် ထိုင်လိုက်ပြီး ဒန့်ခ်တို့ကိုလည်း ထိုင်ကြရန် ညွှန်ပြလိုက်သည်။ ဆာဘင်းနစ်က ဖြစ်ကြောင်းကုန်စင် ပြောပြသောအခါ သူက ခန္ဓာကိုယ်ကို လှံတစ်ချောင်းလို မတ်မတ်ထားပြီး အာရုံစူးစိုက်၍ နားထောင်သည်။

mgyoe.com

ဆာယူစ်တော့စ်အောစ်ဂရေးသည် ငယ်ရွယ်နုပျိုစဉ်က အရပ်ရှည်ရှည်၊ လက်ပြင်ကျယ်ကျယ်နှင့် ချောမောခန့်ညားသူ ဖြစ်ခဲ့လိမ့်မည်။ ပူဆွေးမှုနှင့် အချိန်ကာလ၏ တိုက်စားမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သည်ဟု ဆိုရပေမည်။ သိမ်းငှက်အိုတစ်ကောင်လို သန်ဆဲမြန်ဆဲ ဖြစ်သည်။ ခပ်တိုတို ညှပ်ထားသော ဆံပင်က ဖြူနေသော်လည်း မျက်ခုံးမွေးများနှင့် ပါးစပ်ကို ဖုံးအုပ်ထားသည့် မုတ်ဆိတ်ထူထူကြီးတို့ပင် မီးခိုးရောင်အဖြစ် ရှိနေသေးသည်။ သူ့မျက်လုံးများထဲတွင် ကြေကွဲရိပ်များ စွန်းထင်းနေသည်ဟု ထင်ရသည်။

ရေကာတာအကြောင်း ဆာဘင်းနစ် ပြောသည့်အချိန်၌ သူ့မျက်လုံးများက ပိုသိသာလာသည်။

"အဲဒီစမ်းချောင်းကို လွန်ခဲ့တဲ့ နှစ်တစ်ထောင်လောက်ကတည်းက ချက်ကီဝါးတားလို့ ခေါ်လာခဲ့ကြတာ၊ ငါ ငယ်ငယ်က အဲဒီစမ်းချောင်းမှာ ငါးများလေ့ရှိတယ်၊ ငှါ့သားတွေလည်း မျှားခဲ့တယ်၊ အဲလီဆန်းဆို အခုလို ပူပြင်းတဲ့ နွေကာလမျိုးရောက်ရင် အဲဒီစမ်းချောင်းထဲ ရေသွားဆော့တတ်တယ်"

အဲလီဆန်းသည် အဘိုးကြီး၏ သမီး ဖြစ်သည်။ ပြီးခဲ့သော နွေဦးကာလ၌ ကျရောက်ခဲ့သော ကပ်ရောဂါကြောင့် ကွယ်လွန်သွားခဲ့သည်။

"ချက်ကီဝါးတား တစ်ဖက်ကမ်းမှာ ငါ ကောင်မလေးတစ်ယောက်ကို ပထမဆုံးအနမ်း ပေးခဲ့တာ၊ အဲဒီကောင်မလေးက ငှါ့ဦးလေးရဲ့သမီးအငယ်ဆုံး၊ လီဖီလိတ်ခ်က အောစ်ဂရေးတွေလေ၊ အခုတော့ သူတို့အားလုံး မရှိကြတော့ဘူး"

ဆာယူစ်တော့စ်က နှုတ်ခမ်းကို တွန့်လိမ်လိုက်သည်။

"သည်းခံလို့တော့ မဖြစ်ဘူး ဆာတို့၊ ငှါ့စမ်းချောင်းကို မပေးနိုင်ဘူး၊ ချက်ကီဝါးတားကို အဲဒီမိန်းမ မရစေရဘူး"

"ရေကာတာက ခိုင်ခံ့တယ် သခင်၊ ကျွန်တော်ရယ်၊ ဆာဒန့်ခ်ရယ်၊ ဟိုခေါင်းတုံးကောင်လေးရယ် ဝိုင်းဖြိုရင်တောင် တစ်နာရီလောက် ကြာမယ်၊

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

ကျွန်တော်တို့ ကြိုးတွေ၊ ပေါက်တူးတွေ၊ ပုဆိန်တွေနဲ့ လူတစ်ဒါဇင်လောက် လိုမယ်၊ အဲဒါ ဖြိုဖို့အတွက်ပဲ၊ တိုက်ခိုက်ဖို့အတွက် မပါသေးဘူး”

ဆာယူစ်တော့စ်က ခြသေ့်ငယ်၏ ဒိုင်းကို စိုက်ကြည့်နေသည်။ ဒန့်ခ်က လည်ချောင်းရှင်းလိုက်သည်။

“သခင် … ကျွန်တော်တို့ မြေတူးသမားတွေနဲ့ တွေ့တော့ …..”

“ဒန့်ခ် … စာမဖွဲ့လောက်တဲ့ ကိစ္စလေးနဲ့ သခင့်ကို စိတ်ရှုပ်အောင် မလုပ်စမ်းနဲ့၊ ငါ အရူးတစ်ကောင်ကို သင်ခန်းစာပေးလိုက်ရုံပဲ”

ဆာယူစ်တော့စ်က ဘင်းနစ်ကို သေချာကြည့်လိုက်သည်။

“ဘယ်လို သင်ခန်းစာလဲ”

“ကျွန်တော့်ဓားနဲ့ သူ့ပါးကို ခြစ်လိုက်တာ သခင်၊ အဲဒီထက် မပိုဘူး”

အဘိုးကြီးက သူ့ကို အတန်ကြာ စိုက်ကြည့်လိုက်သည်။

“အဲဒါ … အဲဒါ ဆင်ခြင်မှုကင်းမဲ့တဲ့ လုပ်ရပ်ပဲ ဆာ၊ အဲဒီမိန်းမရဲ့ နှလုံးသားက ပင့်ကူလိုမျိုး၊ သူ့ခင်ပွန်းသုံးယောက်ကို သတ်ခဲ့တယ်၊ သူ့အစ်ကို တွေလည်း သေသွားပြီ၊ ငါးယောက်လား၊ ခြောက်ယောက်လား မသိ၊ ငါ မမှတ်မိတော့ဘူး၊ သူ သဘောမတွေ့တဲ့ ကျေးလက်သားတွေကို ကျာပွတ်နဲ့ ရိုက်တတ်တယ်၊ သူ ဒီလိုစော်ကားမှုမျိုးကို သည်းခံမှာ မဟုတ်ဘူး၊ လမ်ဆီ ရောက်လာသလို မင်းဆီလည်း ရောက်လာလိမ့်မယ် ဆာ”

“ဒိတ်ခ်ပါ သခင်၊ စိတ်မရှိပါနဲ့၊ ကျွန်တော် သူ့ကို မသိပေမယ့် သူ့နာမည်က ဒိတ်ခ်ပါ”

ဆာဘင်းနစ်က ပြောသည်။

“သခင် ခွင့်ပြုမယ်ဆို ကျွန်တော် ဂိုးလ်ဒင်းဂရွတ်ဗ်ကို သွားပြီး သခင်ရိုဝန်ကို ရေကာတာအကြောင်း ပြောပြလိုက်မယ်”

သခင်ရိုဝန်က ဆာယူစ်တော့စ်၏ သခင်ဖြစ်သည်။ သခင်မရှိဟန် ကလည်း ရိုဝန်ထံ သစ္စာခံထားသည်။

“ရိုဝန်လား၊ ဖြစ်မှာမဟုတ်ဘူး၊ သခင်ရိုဝန်ရဲ့ညီမက သခင်ဝီမန် ဝက်ဘ်ဘာရဲ့ ညီတစ်ဝမ်းကွဲ ဝမ်ဒဲလ်နဲ့ လက်ထပ်ထားတယ်၊ ဝမ်ဒဲလ်နဲ့ ရိုဟွန်

mgoe.com

mgyoe.com
SAMPLE BOOK


ဝက်ဘာနဲ့က အမျိုးတွေ၊ အဲဒါအပြင် သခင်ရှိဝန်က ငါ့ကို မေတ္တာရှိလှတာ မဟုတ်ဘူး၊ ဒီလိုလုပ် ဆာဒန်ကန်၊ မင်း မနက်ဖြန်ကျရင် ငါ့ရွာတွေ အားလုံးကို သွားရမယ်၊ တိုက်နိုင်ခိုက်နိုင်တဲ့ ယောက်ျားတွေ အားလုံးကို ဒီအကြောင်း ပြောပြပြီး လှုံ့ဆော်လိုက်၊ ငါက အိုနေပေမယ့် မသေသေးဘူး၊ ပျောက်ကျား ခြသေ့်မှာ အစွယ်တွေ ရှိနေသေးတယ် ဆိုတာ အဲဒီမိန်းမ သိအောင် ပြရမယ်"

✳

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၄ )

ဆာယူစ်တော့စ်၏ ပိုင်နက်ထဲတွင် ရွာငယ်သုံးရွာသာ ရှိသည်။ ထိုရွာများ၌ နွားတင်းကုပ်၊ သိုးခြံ၊ ဝက်ခြံများလည်း အနည်းငယ်သာ ရှိသည်။ သက်ငယ် မိုးထားသော နတ်ဘုရားကျောင်းက အကြီးမားဆုံး ဝင့်ကြွားစရာ ဖြစ်ပေသည်။ သို့သော် အခန်းတစ်ခန်းတည်း ပါရှိပြီး နံရံပေါ်တွင် နတ်ဘုရား၏ မျက်နှာခုနစ်မျိုးကို မီးသွေးနှင့် ဆွဲထားသည်။ အိုးလ်တောင်းသို့ တစ်ကြိမ် ရောက်ဖူးသော မတ်ဂျ်အမည်ရှိ ခါးကုန်းကုန်း ဝက်သတ်သမားအိုကြီးက ခုနစ်ရက် တစ်ကြိမ် ရွာသူရွာသားများကို ဦးဆောင်၍ ဝတ်ပြုဆုတောင်းသည်။ ဘုန်းတော်ကြီးအစစ်က တစ်နှစ်နေမှ နှစ်ကြိမ်သာ ကြွရောက်လာပြီး မားသားနတ်ဘုရား၏ နာမတော်အားဖြင့် သူတို့၏ အပြစ်များကို ခွင့်လွှတ်ပေးကြောင်း ပြောကြားတတ်သည်။ ရွာသူရွာသားများက ခွင့်လွှတ်မှုကို ဝမ်းမြောက်ကြသလောက် ဘုန်းတော်ကြီးအား ကျွေးမွေးရခြင်းကို မုန်းတီးကြသည်။

mgyoe.com

mgyoe.com

ဒန့်ခ်နှင့် အက်ဂ်တို့ကိုလည်း မသထာကြပါ။ ဒန့်ခ်ကို ဆာယူစ်တော့စ်၏ သူရဲကောင်းအသစ်ဟု သိထားကြသော်လည်း ရေတစ်ခွက်ပင် မတိုက်ကြချေ။ ယောကျ်ားသားအများစုက လယ်ထဲတွင် အလုပ်လုပ်ကြသောကြောင့် နေ့ဘက်ဆိုလျှင် မိန်းမများ၊ ကလေးများနှင့် အလုပ်မလုပ်နိုင်တော့သည့် အဘိုးကြီးများသာ အိမ်များ၊ နွားတင်းကုပ်များ၌ ရှိကြသည်။

အက်ဂ်က အဖြူရောင်နောက်ခံတွင် အစိမ်းနှင့် ရွှေရောင်လေးထောင့်ကွက်များဖြင့် ပျောက်ကျားခြသေ့်ပုံ ဖော်ထားသော အောစ်ဂရေးအလံကို ကိုင်လာသည်။

"ကျွန်တော်တို့ ဆာယူစ်တော့စ် လွှတ်လိုက်လို့ လာခဲ့ကြတာ၊ အသက်ဆယ့်ငါးနှစ်ကနေ ငါးဆယ်အတွင်းရှိပြီး တိုက်ခိုက်နိုင်တဲ့ ယောကျ်ားတွေအားလုံး မနက်ဖြန်မနက် စတန်းဖက်စ်မှာ စုရုံးရမယ်လို့ အမိန့်ပေးလိုက်တယ်ခင်ဗျ"

ဒန့်ခ်က ရွာသားများကို ပြောပြသည်။

"စစ်ဖြစ်လို့လား၊ နဂါးအမည်း ပြန်ရောက်လာပြီလား"

မိန်းမတစ်ယောက်က မေးသည်။ ကလေးတစ်ယောက်က သူမ၏ ဂါဝန်အနောက်တွင် ပုန်းနေပြီး နောက်တစ်ယောက်က နို့စို့နေသည်။

"နဂါးအမည်းလည်း မလာဘူး၊ နဂါးအနီလည်း မလာဘူး၊ ပျောက်ကျားခြသေ့်နဲ့ ပင့်ကူတွေကြားမှာ ပြဿနာတက်နေလို့ပါ၊ မုဆိုးမက ခင်ဗျားတို့ရဲ့စမ်းချောင်းကို သိမ်းထားလိုက်ပြီ"

ထိုမိန်းမက ခမောက်ချွတ်၍ ယပ်ခပ်နေသော အက်ဂ်ကို ကြည့်ရင်း ခေါင်းညိတ်ပြသည်။

"ကောင်လေးမှာ ဆံပင်လည်း မရှိပါလား၊ သူ နေမကောင်း ဖြစ်နေတာလား"

"ခေါင်းရိတ်ထားတာ" ဟု အက်ဂ်က ပြန်ဖြေပြီးနောက် ခမောက်ကို ပြန်ဆောင်း၍ မေစတာ့ကို ပြန်လှည့်ပြီး ဖြည်းဖြည်းစီးသွားသည်။

'ကောင်လေး ဒီနေ့ စိတ်ဆတ်နေပါလား' ဟု ဒန့်ခ်က တိတ်တိတ်တွေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

စတန်းဖက်စ်မှ ထွက်လာကတည်းက စကားတစ်လုံးမှ မပြောပေ။ ဒန့်ခ်က မိုးကြိုးကို ဖနောင့်သံဆူးဖြင့် တစ်ချက်တို့လိုက်ရာ တစ်ခဏအတွင်း မြည်းကို လိုက်မီသွားသည်။

"မနေ့က ကိစ္စနဲ့ မင်း ငါ့ကို စိတ်ဆိုးနေတာလား"

နောက်ရွာတစ်ရွာကို သွားနေရင်း ဒန့်ခ်က မေးသည်။

"အဲဒီလူကို မင်း မကြိုက်သလို ငါလည်း မကြိုက်ပါဘူး၊ ဒါပေမဲ့ သူက သူရဲကောင်းတစ်ယောက်လေ၊ မင်း သူနဲ့ စကားပြောရင် ယဉ်ကျေးသမှုနဲ့ ပြောသင့်တာပေါ့ကွ"

"ကျွန်တော်က ခင်ဗျားလက်ထောက်၊ သူ့လက်ထောက် မဟုတ်ဘူး၊ သူက ညစ်ပတ်တယ်၊ နှုတ်ကြမ်းတယ်၊ ပြီးတော့ ကျွန်တော့်ကိုလည်း ဆိတ်သေးတယ်"

'မင်းရဲ့ဘဝမှန်ကို သူ သိသွားရင် သေးထွက်ကျလိမ့်မယ်' ဟု ဒန့်ခ်က တိတ်တိတ်တွေးသည်။

အက်ဂ်၏ စကားကြောင့် ဒန့်ခ်က မေ့လျော့နေသည့် အတိတ်ကို ပြန်ပြောင်း သတိရသွား၏။ ဆာအာလန်နှင့် ဆာဘင်းနစ်သည် နှစ်ယောက်အတူတွဲ၍ တာဝန် ထမ်းဆောင်ခဲ့ဖူးသည်။ ဒေါနစ်ရှ်သား ကုန်သည်တစ်ဦးက လန်နီစပေါ့မှ ပရင့်စ်ပတ်စ်သို့ အန္တရာယ်ကင်းကင်း သွားနိုင်ရန် သူတို့ကို ငှားရမ်းခဲ့ဖူးသည်။ ထိုအချိန်၌ ဒန့်ခ်က အက်ဂ်အရွယ်သာ ရှိသေးသော်လည်း အက်ဂ်ထက်တော့ အရပ်ပိုရှည်သည်။ ဆာဘင်းနစ်က ဒန့်ခ်ကိုလည်း တစ်ခါတလေ ဆွဲဆိတ်သည်။ ဒန့်ခ်ကတော့ ဆာအာလန်ကို ပြန်မပြောခဲ့ပါ။ သူတို့အဖွဲ့ စတုံနီဆပ်အနီးသို့ ရောက်သောအခါ သူတို့ထဲမှ သူရဲကောင်းတစ်ဦး ပျောက်ခြင်းမလှ ပျောက်သွားဖူးသည်။ သူ့လက်ချက်ဟု လူအများ ယုံကြည်ခဲ့ကြသည်။

"ငါ့ကိုလည်း ငယ်ငယ်က ဆိတ်တယ်၊ သူ မင်းကို ထပ်လုပ်ရင် ငါ့ကို ပြော၊ သူ ထပ်မလုပ်ရအောင် ငါ လုပ်မယ်၊ မြင်းထိန်းပေးရတာ မင်း အတွက် သိပ်မခက်ပါဘူးကွာ၊ အဲဒီအချိန်ထိတော့ သူ့မြင်းကို ကြည့်ပေးလိုက်ပေါ့"

mgyoe.com

"တစ်ယောက်ယောက်ကတော့ ကြည့်ပေးရမှာပဲ၊ ဘင်းနစ်က သူ့ကို ဝက်မှင်ဘီးနဲ့ ဘယ်တော့မှ မတိုက်ဘူး၊ မြင်းထားတဲ့ နေရာကိုလည်း သန့်ရှင်းရေး မလုပ်ဘူး၊ နာမည်တောင် မပေးထားဘူးဗျာ"

"တချို့သူရဲကောင်းတွေက သူတို့မြင်းတွေကို ဘယ်တော့မှ နာမည် မပေးဘူး၊ အဲဒီတော့ မြင်းတွေ တိုက်ပွဲမှာ သေတဲ့အခါ သိပ်ဝမ်းမနည်းရ တော့ဘူးပေါ့ကွာ၊ သူရဲကောင်းတစ်ယောက်ရဲ့ဘဝမှာ မြင်းတွေအများကြီး ရှိလာနိုင်ပေမယ့် သစ္စာရှိတဲ့ မိတ်ဆွေတစ်ယောက်ကို ဆုံးရှုံးရတာက မလွယ် ဘူးလေ"

ဆာအာလန်ကလည်း ထိုသို့ ပြောခဲ့ဖူးသည်။ သို့သော် သူကိုယ်တိုင် က ပြောသည့်အတိုင်း မလုပ်ခဲ့ပါ။ မြင်းတိုင်းကို နာမည်ပေးခဲ့သည်။ ဒန့်ခ် လည်း သူ့လို ဖြစ်သည်။

"မနက်ဖြန် စတန်းဖက်စ်ကို ဘယ်နှယောက်လာမလဲ မသိဘူး၊ ငါးယောက်လား၊ ငါးဆယ်လား၊ မင်း သူတို့မြင်းတွေကိုလည်း ကြည့်ပေးရမှာ"

အက်ဂ်က ခံပြင်းစွာ ကြည့်လိုက်သည်။

"ကျွန်တော်က ရွာသားတွေကို အလုပ်အကျွေးပြုရမှာလား"

"အလုပ်အကျွေးပြုတာ မဟုတ်ပါဘူး၊ ကူညီတာ၊ ငါတို့တွေ သူတို့ကို တိုက်ခိုက်ရေးသမားတွေအဖြစ် ပြောင်းလဲပစ်ရမယ်လေ၊ နတ်ဘုရားတွေ သနားကြင်နာရင် ငါတို့ အချိန်အလုံအလောက် ရနိုင်တယ်၊ သူတို့ထဲမှာ စစ်သားဟောင်းတချို့ ပါနိုင်ပေမယ့် အများစုက ပေါက်တူးကိုင်ကြတဲ့ သူတွေမို့ အတွေ့အကြုံရှိမှာ မဟုတ်ဘူး၊ ငါတို့အသက်က သူတို့အပေါ် မူတည် နေတဲ့ နေ့တစ်နေ့ ရောက်လာလိမ့်မယ်၊ မင်း ဘယ်အရွယ်တုန်းက ဓား စကိုင်ခဲ့တာလဲ အက်ဂ်"

"ငယ်ငယ်တုန်းက ဆာ၊ ကိုင်ခဲ့တဲ့ ဓားက တကယ့်ဓား မဟုတ် ဘူး၊ သစ်သားဓား"

"သာမန်ချာတိတ်တွေကလည်း သစ်သားဓားတွေနဲ့ ချကြတယ်၊ တစ်ခါတလေ တုတ်ချောင်းတွေ၊ သစ်ကိုင်းခြောက်တွေနဲ့ ချတယ်၊ အက်ဂ် ..."

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

m g y o e . c o m

သူတို့က မင်းအတွက် အရူးတွေ ဖြစ်ကောင်း ဖြစ်နိုင်တယ်၊ သူတို့က ချုပ်ဝတ်တန်ဆာတွေရဲ့ နာမည်တွေကို မခေါ်တတ်ဘူး၊ အိမ်တော်ကြီးတွေရဲ့ အမှတ်တံဆိပ်တွေကို မမြင်ဖူးကြဘူး၊ နယ်မြေတစ်ခုမှာ မင်္ဂလာပွဲကျင်းပရင် သတို့သမီးက မင်္ဂလာဦးညကို အဲဒီနယ်မြေပိုင် အရှင်သခင်နဲ့ ဖြတ်သန်းရတဲ့ ဥပဒေကို ဘယ်ဘုရင် ဖျက်သိမ်းခဲ့လဲ ဆိုတာ မသိကြဘူး၊ ဒါပေမဲ့ မင်း သူတို့ကို လေးစားသမှုနဲ့ ဆက်ဆံရမယ်၊ မင်းက တော်ဝင်သွေးပါတဲ့ သူရဲကောင်းလက်ထောက် ဖြစ်ပေမယ့် ကလေးတစ်ယောက်ပဲ ရှိသေးတယ်၊ မနက်ဖြန် လာမယ့် လူအများစုက အရွယ်ရောက်ပြီးလူတွေ ဖြစ်လိမ့်မယ်၊ လူဆိုပြီး ဖြစ်လာရင် မျိုးရိုးမြင့်တဲ့လူ ဖြစ်ဖြစ်၊ မျိုးရိုးနိမ့်တဲ့လူ ဖြစ်ဖြစ် မာနဆိုတာ ရှိကြတယ်၊ လူတိုင်းမှာ အားနည်းချက် အားသာချက်ဆိုတာ ရှိတယ်၊ မင်း မယုံဘူးဆိုရင် ပေါက်တူးကိုင်ပြီး မြေတူးကြည့်၊ သိုးတစ်ကောင်ကို အမွေးရိတ်ကြည့်၊ ဝက်တ်သစ်တောထဲက မြက်ပင်တွေ၊ အရိုင်းပန်းပင်တွေရဲ့ နာမည်တွေ အားလုံး ပြောကြည့်”

ကောင်လေးက တဒင်္ဂ စဉ်းစားလိုက်သည်။

“ကျွန်တော် သူတို့ကို အိမ်တော်ကြီးတွေရဲ့ အမှတ်တံဆိပ်တွေအကြောင်း၊ မိဖုရားအဲလီဆန်းက ဘုရင်ဂျာဟေးရိစ်ကို ‘ပထမည’ ဥပဒေ ဖျက်သိမ်းဖို့ ဘယ်လို ဖျောင်းဖျခဲ့တဲ့အကြောင်း ပြောပြပေးနိုင်တယ်၊ သူတို့ကလည်း ကျွန်တော့်ကို ဘယ်မြက်ပင်တွေက အဆိပ်ရှိတယ်၊ ဘယ်အသီးတွေက စားလို့ရတယ် ဆိုတဲ့အကြောင်း ပြန်သင်ပေးနိုင်တယ်”

“ဒါပေါ့ … ဒါပေမဲ့ မင်း အဲဒီအကြောင်းတွေ သူတို့ကို မသင်ပြခင်ငါ သူတို့ကို တိုက်ခိုက်ပုံ တိုက်ခိုက်နည်းတွေ အရင် သင်ပေးရမယ်၊ အဲဒီအချိန် မင်း ကူညီပေးတာ ကောင်းမယ်၊ ပြီးတော့ မင်း မေစတာ မစားတဲ့ အသီးအရွက်တွေကို လျှောက်မစားနဲ့ဦး”

✳

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၅ )

**နောက်** တစ်နေ့ ရောက်သော် မျှော်စင်အောက်ရှိ ကြက်များကြားတွင် လူတစ်ဒါဇင် စုရုံးနေသည်။ တစ်ဦးက အလွန်အိုနေပြီး နှစ်ဦးက အလွန်ငယ်သည်။ ဖောင်ရိုးကောင်လေး တစ်ဦးက ကောင်မလေး ဖြစ်နေသည်။ ဒန့်ခ်က ထိုလေးဦးကို သူတို့ရွာအသီးသီးသို့ ပြန်ခိုင်းလိုက်ရာ ဝက်သုံးဦး၊ ဝီလ်နှစ်ဦး၊ လမ်တစ်ဦး၊ ပိတ်တစ်ဦး၊ ကျပ်မပြည့်သည့် ဘစ်ရော့တ် … စုစုပေါင်း ရှစ်ဦးသာ ကျန်တော့သည်။ သီချင်းများထဲတွင် မျိုးရိုးမြင့် မိန်းမပျိုလေးများ၏ အသည်းနှလုံးကို ဖမ်းစားလေ့ရှိသော အရပ်မြင့်မြင့်၊ ဗလကောင်းကောင်းနှင့် ခန့်ညားသော ကျေးလက်သား ကောင်လေးများကိုမူ မတွေ့ရပေ။ လမ်က အသက်ငါးဆယ်လောက် ရှိနေပြီ။ ပိတ်က မျက်လုံးဥ္ဒ အရည် တစိုစို ဖြစ်နေတတ်သည်။ သို့သော် စစ်သားဟောင်းဟူ၍ သူတို့နှစ်ဦးသာ ရှိသည်။ နှစ်ဦးလုံးက ဘလက်ခ်ဖိုင်းယား ပုန်ကန်မှု၌ ဆာယူစ်တေ့စ်တို့နှင့်အတူ တိုက်ပွဲ ဝင်ခဲ့ဖူးသည်။ ကျန်ခြောက်ဦးက တိုက်ပွဲအတွေ့အကြုံ လုံးဝ မရှိပါ။ သူတို့အားလုံး တူညီသည့်

mgyoe.com

mgyoe.com

SAMPLE BOOK


အချက်မှာ ခေါင်းတွင် သန်းတွယ်နေခြင်း ဖြစ်သည်။ ဝက်သုံးဦးအနက် နှစ်ဦးက ညီအစ်ကို ဖြစ်သည်။

ဆာဘင်းနစ်က ကြွက်အသံနှင့် ရယ်ရင်း –

"မင်းတို့အမေ တခြားနာမည်တွေ မသိဘူး ထင်တယ်" ဟု လှောင်ပြောင်သည်။

သူတို့က တံစဉ်းတစ်ခု၊ ပေါက်ပြားသုံးခု၊ ဓားအဟောင်းတစ်ချောင်း၊ သစ်သားတင်းပုတ်တချို့ ယူဆောင်လာသည်။ လမ် ယူလာသည့် ထိပ်ချွန်ထားသော တုတ်ချောင်းကို လှံအဖြစ် အသုံးပြုနိုင်သည်။ ဝီလ်နှစ်ဦးအနက် တစ်ဦးက ကျောက်တုံးပစ် ကျွမ်းကျင်သည်ဟု ပြောရာ ဘင်းနစ်က –

"ငါတို့ သိပ်ကောင်းတဲ့ လောက်လွှဲတစ်ခု ရလိုက်တာပဲ"

ဟု ပြောသည်။ ထိုကောင်လေး၏ အမည်ရင်းမှာ တရက်ဘ် ဖြစ်ကြောင်း သိလာရသည်။

"တာဝေးမြားပစ် ကျွမ်းကျင်တဲ့သူ ရှိလား"

ဒန့်ခ်က သူတို့ကို မေးသည်။

မည်သူမှ ပြန်မဖြေပေ။ ကြွက်များက သူတို့ကြားတွင် လျှောက်သွားနေရင်း မြေကြီးကို ထိုးဆွ၍ အစာရှာနေသည်။ နောက်ဆုံး၌ မျက်လုံးတွင် အရည်တစိုစို ဖြစ်နေတတ်သည့် ပိတ်က ဖြေသည်။

"စိတ်မရှိပါနဲ့ ဆာ၊ သခင်ကြီးကမြားသုံးခွင့်မပေးထားဘူး၊ အောစ်ဂရေး ဒရယ်တွေက ပျောက်ကျားခြင်္သေ့တွေ အတွက် တဲ့၊ ကျုပ်တို့လို လူတွေ အတွက် မဟုတ်ဘူး တဲ့"

"ကျွန်တော်တို့ ဓားတွေ၊ သံခမောက်တွေ၊ သံချပ်အင်္ကျီတွေ ရကြမယ် မဟုတ်လား"

ဝက်သုံးဦးအနက် အငယ်ဆုံးတစ်ဦးက သိချင်နေသည်။

"ရမှာပေါ့ကွ"

ဆာဘင်းနစ်က ပြန်ဖြေသည်။

"မင်း မုဆိုးမရဲ့သူရဲကောင်းတစ်ယောက်ကို သတ်ပြီး သူ့ကိုယ်ပေါ်က

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

ချွတ်ယူရင်ပေါ့။ မင်းလက်ကို သူ့မြင်းဖင်ထဲ ထိုးထည့်လိုက်ဦး၊ အဲဒါဆို သူ့ငွေဒင်္ဂါးတွေကိုပါ ရလိမ့်မယ်”

ဘင်းနစ်က ကောင်လေး၏ လက်မောင်းအတွင်းပိုင်းကို လိမ်ဆွဲလိုက်သည်။ ကောင်လေးက နာသောကြောင့် တွန့်လိမ်သွားသည်။ ထို့နောက် သူတို့အားလုံးက လှံများ ပြုလုပ်ရန် ဝက်သစ်တောထဲ သွားကြသည်။

စတန်းဖက်စ်သို့ ပြန်ရောက်သောအခါ တစ်ချောင်းနှင့်တစ်ချောင်း အလျားမတူညီသော လှံများ ပါလာသည်။ သစ်ကိုင်းခြောက်များကို ကြိုးနှင့် စည်း၍ ဒိုင်းအဖြစ် ပြုလုပ်ထားကြသည်။ ဘင်းနစ်ကိုယ်တိုင် လှံတစ်ချောင်း ပြုလုပ်ခဲ့ပြီး လက်ကို မည်သည့်နေရာတွင် ထားရမည်၊ ရန်သူ၏ မည်သည့်နေရာကို ထိုးရမည် ပြသသည်။

“ဝမ်းဗိုက်နဲ့ လည်မျိုက အသေချာဆုံးပဲ” ဟု ပြောပြီး ဘင်းနစ်က လက်သီးဆုပ်၍ သူ့ရင်ဘတ်ကို ထုလိုက်သည်။

“ဒီနေရာမှာ နှလုံးရှိတယ်၊ အဲဒီကိုလည်း ထိုးလို့ရတယ်၊ နံရိုးတွေကာထားတာက တစ်ခုတည်းသောပြဿနာပဲ၊ဗိုက်ကပျော့တော့မင်းတို့အတွက် ပိုလွယ်လိမ့်မယ်၊ ရန်သူက ချက်ချင်း မသေပေမယ့် ပိုသေချာတယ်၊ ဗိုက်ပေါက်သွားတာတောင် အသက်ဆက်ရှင်တဲ့ လူအကြောင်း ငါတော့ တစ်ခါမှ မကြားဖူးသေးဘူး၊ တစ်ယောက်ယောက်က မင်းတို့ကို ကျောပေးထားရင် သူ့လည်ကုပ်ကိုသာ ထိုးထည့်လိုက်၊ ဒါမှမဟုတ် ဒီနေရာကို ထိုး၊ အဲဒီမှာ ကျောက်ကပ် ရှိတယ်။ ကျောက်ကပ် ထိတာနဲ့ အဲဒီလူ ကြာကြာမရှင်နိုင်ဘူး”

အဖွဲ့ထဲတွင် ဝက်သုံးဦး ရှိနေသောကြောင့် သင်ပြပေးနေသည့် ဘင်းနစ်အဖို့ အမည်ခေါ်ရတာ အခက်အခဲ ရှိနေသည်။ သုံးဦးလုံးက နာမည်တူနေသောကြောင့် သူတို့ ခေါင်းနောက်လာ၏။ ထိုအခါ အက်ဂ်က ဒန့်ခ်ကို အကြံပေးသည်။

“ကျွန်တော်တို့ သူတို့ကို ရွာနာမည်နဲ့ တွဲခေါ်ကြမယ်လေ ဆာ၊ ဥပမာ ပန်နီထရီးက ဆာအာလန်လိုပေါ့”

mgyoe.com